# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

## မြန်မာအမျိုးသားလေကြောင်းအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို မျှော်မှန်းပြီး ခေတ်အဆက်ဆက် နိုင်ငံတော်ကပေးအပ်လာသည့် လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ခဲ့သော ကောင်းမွန်သည့် အစဉ်အလာနှင့်သမိုင်းကြောင်းကို ထာဝစဉ်ဆက်လက်ထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines–MNA)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Melia Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ကြေးမုံ

# နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်အဖြေရှာ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလမှစ၍ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ခေတ်အဆက်ဆက်အစိုးရများက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်ခဲ့ကြသော်လည်း ယနေ့ထက်တိုင်အောင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး မရရှိသေးပေ။ နိုင်ငံရေးအရ သဘောထားအမြင်ကွဲပြားမှုကြောင့် ဖြစ်ပေါ်လာသောပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာမှသာ ရရှိနိုင်မည်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးကို အဖြေရှာရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မူဘောင်အတွင်းမှ ဆောင်ရွက်မှသာ ငြိမ်းချမ်းရေးခရီးနှင့်အလှမ်းနီးမည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့်ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၀)ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဒေသတည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ငြိမ်းချမ်းလိုသော စိတ်အရင်းခံဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများမှာ နှစ်ပေါင်းရှည်ကြာလာပြီဖြစ်သည့်အတွက် သဘောထားကွဲလွဲမှုများမဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် နိုင်ငံရေးစင်မြင့်ပေါ်သို့ အားလုံးပါဝင်လာနိုင်ကြစေရန် မိမိတို့လိုလားချက်များနှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ တင်ပြတောင်းဆိုကြရန်လိုအပ်ပေသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရာတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ မြန်မာနိုင်ငံတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်တော်ဆုံးဖြစ်၍ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာပြီး မိမိတို့ဒေသကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သင့်သည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးကို သွေဖည်၍ လက်နက်ကိုင်အဖြေရှာသည့်နည်းလမ်းကို ဆက်လက်ကျင့်သုံးလျက်ရှိသည်။ လက်နက်ကိုင်နည်းလမ်းဖြင့် မည်သည့်အခါမျှ အဖြေရှာ၍မရနိုင်သည်ကို မြန်မာ့နိုင်ငံရေးဖြစ်စဉ်၊ ကမ္ဘာ့နိုင်ငံရေးသမိုင်းကြောင်းတွင် တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုကို အလေးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လျှောက်လှမ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ(၇) ဘားအံခရိုင်က NCA ကိုအခြေခံ၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာမည်ဟု စက်တင်ဘာလ ၁၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရသည်။

NCA စာချုပ်သည် ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများရှေ့မှောက်တွင် ချုပ်ဆိုထားသောစာချုပ်ဖြစ်သည်။ ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေမရှာဘဲ စစ်ရေးနည်းဖြင့် အဖြေရှာသောကြောင့်ဖြစ်သည်။ နှစ်(၇၀)ခန့် စစ်ပွဲအတွေ့အကြုံကိုအခြေခံ၍ အဖြေရှာရာတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံအဖြေရှာခြင်းသည်သာ အကောင်းဆုံးဖြစ်သည့် ဆုံးဖြတ်ချက်ရရှိခဲ့ကြောင်း၊ ယင်းအပေါ် KNU ကွန်ဂရက်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် လမ်းစဉ်တို့တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်အဖြေရှာရန် အတိအလင်းဖော်ပြထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ NCA စာချုပ်ကို KNU အမျိုးသားအစည်းအရုံးမှ တရားဝင်ပျက်ပြယ်ကြောင်း ထုတ်ပြန်ထားခြင်းမရှိသည့်အပြင် တပ်မဟာ(၇)ဘားအံခရိုင်အနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် NCA ကိုအခြေခံလျက် ပြည်သူ့အကျိုးကိုရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာလာနိုင်ကြရေးအတွက် ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရန်အတွက် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ(၇) ဘားအံခရိုင်၏ သဘောထားထုတ်ပြန်ကြေညာချက်ကို ကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝကို ထိခိုက်လျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဇေယျာသီရိမြို့နယ် သီရိရတနာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သီရိရတနာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

❖

## ကျောက်ဆည်ခရိုင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျောက်ဆည် တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန နေပြည်တော်မူဝါဒနှင့်ဥပဒေရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်ကိုက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံနှင့် အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ရေးအတွက် မြန်မာနိုင်ငံ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် UNEP အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ သဝဏ်လွှာနှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုအား ပြသခဲ့ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တာဝန်ရှိသူက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (ဟောင်လိတ်)၌ ကျင်းပသည်။



အခမ်းအနားတွင် တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးက "ရာသီဥတုပြောင်းလဲမှုလျော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူခိုင်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

**☆ မြန်မာ့လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသည့် UBA နှင့် BAC သည် ပြည်တွင်းလေကြောင်းခရီးစဉ်များကိုသာမက ဒေသတွင်း ပြည်ပနိုင်ငံများနှင့် ခရီးစဉ်များကိုပါ ပြေးဆွဲခဲ့ပြီး သမိုင်းတစ်ခေတ်တွင် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့**

**☆ လေကြောင်းပို့ဆောင်ရေးစနစ် အောင်မြင်နိုင်ရေးဆိုရာတွင် လေကြောင်းလိုင်းများ၏ လေယာဉ်အမှုထမ်းများ စွမ်းရည်ကောင်းမွန်မှုသာမက လေယာဉ်ကွင်းများ၊ လေဆိပ်ဝန်ဆောင်မှုများလည်း ကောင်းမွန်ရန်လို**

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့**

ထို့နောက် အခမ်းအနားကို LED Annimation ဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လေယာဉ်ခရီးစဉ်များ၊ လေကြောင်းလိုင်းပြေးဆွဲမှုများဟု ပြောလိုက်ပါက မိမိအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ရင်ထဲ၌ အရင်ဦးဆုံးပြေးမြင်မိသည်မှာ UBA နှင့် BAC ပင်ဖြစ်ပါကြောင်း၊ **မြန်မာ့လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသည့် UBA နှင့် BAC သည် ပြည်တွင်းလေကြောင်းခရီးစဉ်များကိုသာမက ဒေသတွင်းပြည်ပနိုင်ငံများနှင့် ခရီးစဉ်များကိုပါ ပြေးဆွဲခဲ့ပြီး သမိုင်းတစ်ခေတ်တွင် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့**သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့်လည်း ပြည်သူလူထု၏ရင်ထဲတွင် ရှိနေခဲ့ခြင်းဖြစ်ပြီး ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ပါကြောင်း၊ **လေကြောင်းပို့ဆောင်ရေးစနစ် အောင်မြင်နိုင်ရေးဆိုရာတွင် လေကြောင်းလိုင်းများ၏ လေယာဉ်အမှုထမ်းများ စွမ်းရည်ကောင်းမွန်မှုသာမက လေယာဉ်ကွင်းများ၊ လေဆိပ်ဝန်ဆောင်မှုများလည်း ကောင်းမွန်ရန်လို**ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လေယာဉ်ပြေးလမ်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ပေးနေသကဲ့သို့ လေဆိပ်ဝန်ဆောင်မှုများ ကောင်းမွန်စေရန်လည်း ဖြစ်နိုင်သမျှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေပါကြောင်း၊ အလားတူ လေဆိပ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအသီးသီး၏ စွမ်းဆောင်ရည်ကောင်းမွန်ရန်လည်း လိုပါကြောင်း။

**အလေးအနက်ထား ဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လေကြောင်းခရီးနှင့် သွားလာခြင်းသည် ငွေကြေးကုန်ကျမှုများသော်လည်း အချိန်တိုအတွင်း လိုရာခရီးသို့ရောက်နိုင်ပြီး လုပ်ငန်းတွင်ကျယ်မှုလည်း ရှိစေပါကြောင်း၊ ထို့ကြောင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

မြန်မာအမျိုးသားလေကြောင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်တွင် **“ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့” (Union of Burma Airways–UBA)** အမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၇၂ ခုနှစ်တွင် **“လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း” (Burma Airways Corporation–BAC)**၊ ၁၉၈၉ ခုနှစ်တွင် **“မြန်မာ့လေကြောင်း”(Myanma Airways–MA)**၊ ၂၀၁၅ ခုနှစ်တွင် **“မြန်မာအမျိုးသားလေကြောင်း” (Myanmar National Airlines – MNA)**အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြည်တွင်း၊ ပြည်ပလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ထမ်းဆောင်ခဲ့ပါကြောင်း။

**မြန်မာအမျိုးသားလေကြောင်းအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို မျှော်မှန်းပြီး ခေတ်အဆက်ဆက် နိုင်ငံတော်ကပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ကောင်းမွန်သည့် အစဉ်အလာနှင့် သမိုင်းကြောင်းကို ထာဝစဉ်ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလို**ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဝေးလံပြီး သွားလာမှုခက်ခဲသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စရပ်များ အဆင်ပြေစွာဖြင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ရန်နှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်ပျံသန်းပို့ဆောင်နေသည့် လေကြောင်းလိုင်းဖြစ်သည်နှင့်အညီ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်ပခရီးစဉ် ပျံသန်းမှုများအနေဖြင့်လည်း ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ စသည့် နိုင်ငံများကို ပုံမှန်ခရီးစဉ် (Schedule Flight)များ ပျံသန်းနေသည့်အပြင် ဗုဒ္ဓဂါယာဘုရားဖူး စင်းလုံးငှား (Charter Flight) ခရီးစဉ်များကိုလည်း ပျံသန်းပြေးဆွဲလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မကြာမီတွင်လည်း ဒေသတွင်းနိုင်ငံများသို့ Cargo လေယာဉ်ခရီးစဉ် စတင်ပျံသန်းမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် လေကြောင်းကုန်စည်ပို့ဆောင်မှုကဏ္ဍတွင် MNA အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး အောင်မြင်စေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းပါကြောင်း။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး နိုင်ငံတိုင်း၏ စီးပွားရေးကဏ္ဍကျဆင်းမှုဖြစ်ခဲ့ရသကဲ့သို့ လေကြောင်းခရီးသွားလာ ပို့ဆောင်မှုအပေါ်တွင်လည်း များစွာသက်ရောက်မှုရှိခဲ့ပါကြောင်း၊ ယခုပြန်လည်နာလန်ထူလာပြီး **စာမျက်နှာ ၄ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းတင်ပြစဉ်။




မြန်မာအမျိုးသားလေကြောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော် ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က အထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

ခရီးစဉ်ပေါင်းများစွာ၊ လေယာဉ်ပေါင်းများစွာ တိုးချဲ့ပြေးဆွဲနေသည်ကို တွေ့ရပါကြောင်း၊ ထိုကဲ့သို့ တိုးချဲ့ပြေးဆွဲနိုင်ခြင်းသည် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အကျိုးဖြစ်ထွန်းမှုရှိခြင်းကြောင့်သာဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့်လည်း **“ကမ္ဘာကြည့် ကြည့်မြင်”** ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလ လေကြောင်းခရီးသွား စီးပွားရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည့် အချိန်ကာလကို ရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဈေးကွက်သုတေသနကို အလေးထားပြုလုပ်စေလိုပါကြောင်း၊ **ပြောင်းလဲတိုးတက်လာသည့် အခြေအနေနှင့် လိုက်လျောညီထွေစွာ ခရီးသည်နှင့် ကုန်စည်ရရှိမှုအပေါ် မူတည်ပြီး လေယာဉ်စီးရေတိုးချဲ့မှုများ၊ လက်ရှိပြေးဆွဲနေသည့် ခရီးစဉ်များကို ခေါက်ရေတိုးမြှင့်ပြေးဆွဲမှုများ၊ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲမှုများ ဆောင်ရွက်သွားရန် ကြိုးစားသွားရမည်ဖြစ်**ပါကြောင်း၊ ကုန်စည်ပို့ဆောင်ရေး ခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲပျံသန်းရန် စီစဉ်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်ကို တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးရာ ရောက်မည်လည်းဖြစ်ပါကြောင်း။

လေကြောင်းလိုင်းကို ဦးစီးတာဝန်ယူဆောင်ရွက်နေသူများမှအစ အောက်ခြေဝန်ထမ်းများအဆုံး အားလုံးက တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ပိုင်စီးပွားရေးကဲ့သို့ သဘောထားဆောင်ရွက်သွားကြမှသာလျှင် တိုးတက်အောင်မြင်မှု ရနိုင်မည်ဖြစ်ပြီး ရေရှည်ရှင်သန်ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်းကိုလည်း မှာကြားလိုပါကြောင်း။

**အချိန်မှန်ကန်ရေး အလေးထားဆောင်ရွက်**

လေကြောင်းနှင့် ခရီးသွားကြသူများသည် အချိန်တိုအတွင်း မိမိသွားလိုသည့် နေရာကို ရောက်ရှိလိုကြသူများဖြစ်သည့်အတွက် ခရီးစဉ်များပျံသန်းပြေးဆွဲရာတွင် အချိန်မှန်ကန်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာလျှင် Connection Flight နှင့် ဆက်သွားကြရမည့်ခရီးသည်များအတွက် အဆင်ပြေမှုရှိစေမှာဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်း၏ခရီးစဉ်များ အချိန်မှန်မှုရှိလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် မြန်မာအမျိုးသားလေကြောင်းအပေါ် ယုံကြည်အားကိုးလာကြမည်ဖြစ်ပြီး အခြားလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ရာတွင် ခရီးသွားများရွေးချယ်မှုအများဆုံး အခြေအနေသို့ ရောက်ရှိလာမည်ကို အလေးအနက်ထားပြီး မှာကြားလိုပါကြောင်း။

ပြည်တွင်း၊ ပြည်ပ ခရီးသည်များ မြန်မာအမျိုးသားလေကြောင်းနှင့် ခရီးသွားရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးသည်လည်း အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် Rules and Regulation များ၊ SoP များကိုလည်း တိကျစွာလိုက်နာကြရန်လိုကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

**မြန်မာအမျိုးသားလေကြောင်းကို ၇၅ နှစ်၊ စိန်ရတုတိုင် ရှင်သန်ရပ်တည်နိုင်ရေး ခေတ်အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ပေးကြသူများ၊ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြု**ပါကြောင်းနှင့် မြန်မာအမျိုးသားလေကြောင်း အနာဂတ်ကာလ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးအဖွဲ့က ဦးဆောင်ပြီး ပါဝင်ဆောင်ရွက်နေကြသည့်ကဏ္ဍအလိုက် ဦးဆောင်တာဝန်ခံများ၊ ဝန်ထမ်းများအားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **မြန်မာအမျိုးသားလေကြောင်း အခွန့်ရှည်အောင်မြင်စွာရပ်တည်နိုင်ပါစေ**ကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်း အတွင်း ကြည့်ရှုလေ့လာစဉ်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာအမျိုးသားလေကြောင်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းပြောကြားရာတွင် မြန်မာအမျိုးသားလေကြောင်း စတင်ဖြစ်ပေါ်ခဲ့မှုနှင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲဖွံ့စည်းခဲ့မှု၊ နိုင်ငံတော်၏ လေကြောင်းသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍကို ဦးဆောင်ခဲ့ပြီး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့မှု၊ နိုင်ငံတကာအဆင့်မီ လေကြောင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံတော်၏ လေကြောင်းသယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲတိုးတက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာအမျိုးသားလေကြောင်း သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်မှ ကူညီပံ့ပိုးပေးလျက်ရှိသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူများအားလုံးကို မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများ ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာအမျိုးသားလေကြောင်း(MNA)မှ လေယာဉ်မောင်မယ်များက MNA ခေတ်လေးခေတ်၏ Uniform Fashion များ ဝတ်ဆင်၍ စိန်ရတုနှစ်ပတ်လည်နေ့ဂုဏ်ပြုတေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ ထို့နောက် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အမှတ်တရ ဂုဏ်ပြု Video Clip ကို ဖွင့်လှစ်ပြသသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး နိုင်ငံတော်သံစုံတီးဝိုင်း၏ တီးခတ်မှုဖြင့် နိုင်ငံကျော်တေးသံရှင်များ၏ ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများ၊ မြန်မာ့ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

သီဆိုကပြဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်းမှ ပညာရှင်များ၊ မြန်မာ့ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာအမျိုးသားလေကြောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်ယော်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြကွက်တစ်ခုချင်းအလိုက် စိတ်ဝင်တစား လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံဆွေးနွေး၊ ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် တရားရေးဝန်ထမ်းများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေအရာရှိများ၊ ပြည်နယ် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဥပဒေအထောက်အကူပြုအဖွဲ့များ၊ ရှေ့နေအဖွဲ့များနှင့် တွေ့ဆုံသည်။(ယာပုံ)




ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အလေးအနက်ထားကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာတရားရေးအဖွဲ့၊ ဌာနဆိုင်ရာများအချင်းချင်း ချိတ်ဆက်၍ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားရေးဦးစီးမှူးတို့က တရားရေးဆိုင်ရာ အမှုအခင်းများနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်က ဌာနဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြုခြင်းဆိုင်ရာလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးက တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မဲစာရင်းမှန်ကန်မှုရှိစေရေး ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့တွင် အချင်းချင်းထိန်းညှိဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် လေကြောင်းခရီးစဉ်ဖြင့် ပူတာအိုခရိုင် ပူတာအိုမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ်သိန်း ၃၅၀ ပံ့ပိုးမှုဖြင့် ဒေသတွင်း ပထမဆုံးတည်ထောင်ဖွင့်လှစ်ထားသည့် ဆန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်ပိုင် တစ်ရက်လျှင် ဆန် ၁၈ တန်ကျဆန်စက်လုပ်ငန်းကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်ချက်/အခက်အခဲများကို မေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။(ဝဲပုံ)

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အဆိုပါ ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၁၀ သိန်း ပံ့ပိုးမှုဖြင့် မွေးမြူရေးတောင်သူ ဦးမကူနော်အောင်၏ ငါးမွေးမြူရေးကန်၌ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမ၊ ငါးဂလာ၊ ငါးလိုင်၊ တီလားပီးယားငါးနှင့် ဒေသမျိုးရင်း ငါးနီ ငါးကောင်ရေ တစ်သောင်းကျော် မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဂျိမ်းဖောစာပေနှင့် ယဉ်ကျေးမှုအသင်း အသင်းပိုင်ရုံးတည်ဆောက်ရာတွင် အကူအညီပေးနိုင်ရေး၊ မနောကွင်းမြေနေရာရရှိရေးနှင့် လိုအပ်ချက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ၂၀၂၃ တရုတ်-အာဆီယံ ပိုးလမ်းမ အီးကောမတ်စ်ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် Crowne Plaza ဟိုတယ်၌ ကျင်းပသည့် ၂၀၂၃ တရုတ်-အာဆီယံ ပိုးလမ်းမအီးကောမတ်စ်ဖိုရမ်သို့ တက်ရောက် အမှာစကားပြောကြားသည်။

**e-Commerce မှာ အလွန်အရေးပါ**

အဆိုပါဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပိုးလမ်းမတစ်လျှောက်ဒေသများတွင် အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းမှာ အလွန်အဓိပ္ပာယ်ရှိပါကြောင်း၊ ယနေ့ခေတ်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအားကောင်း ခိုင်မာစေရန် ဆောင်ရွက်ရာတွင် e-Commerce မှာ အလွန်အရေးပါလှပါကြောင်း၊ ဒစ်ဂျစ်တယ်ခေတ်၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်မှုများအပေါ် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟစနစ် ခိုင်မာအားကောင်းစေရန် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကို ခေတ်နှင့်လျော်ညီစေရန် ဘက်စုံဒစ်ဂျစ်တယ်လမ်းပြမြေပုံကို ချမှတ်ဆောင်ရွက်နေကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ(Digital Economy Development Committee – DEDC)ကို ဖွဲ့စည်းထားပြီးဖြစ်ကာ မိမိကဥက္ကဋ္ဌအဖြစ် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ



အနေဖြင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်နှင့် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုကိုမောင်းနှင်ရန် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ်လုပ်ငန်း၊ ပညာရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးလာစေရန် အရှိန်မြှင့်တင်ကာ ဆောင်ရွက်နေပါကြောင်း၊ ပိုးလမ်းမတွင် အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုထွန်းကားလာစေရန် ပါဝင်သည့်နိုင်ငံများက ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများပြုခြင်းနှင့် ဆန်းသစ်တီထွင်မှုများနှင့် စွန့်ဦးတီထွင်ဆောင်ရွက်မှုများပြုခြင်းတို့အပေါ် အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီဖေ့၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယဥက္ကဋ္ဌ မစ္စတာမြောင်ကျင်းဝမ်နှင့် တရုတ်နှင့် အာဆီယံနိုင်ငံများမှ အီလက်ထရွန်နစ် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ဖလမ်းမြို့နှင့် တီးတိန်မြို့တို့တွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ



**ဖလမ်း စက်တင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်ချမှတ်၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အဓိကသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကို အထူးဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင်ကျန်းမာရေးသည် အရေးကြီးသည့်အတွက် ချင်းပြည်နယ်အတွင်း လိုအပ်သည့် ဆရာဝန်၊ သူနာပြုများ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာ ကျင်းပနိုင်ရေးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ထို့နောက် ဖလမ်းမြို့ မြို့မိမြို့ဖများက ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့် ပတ်သက်၍ လိုအပ်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြရာ မြို့မိမြို့ဖ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့်အဖွဲ့သည် တီးတိန်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်လျက်ရှိရာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရရှိရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ကျန်းမာရေး၊ ပညာရေး၊ လူငယ်ကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ကေများ ပြည့်မီစွာစိုက်ပျိုးရန်လိုကြောင်း၊ သမဝါယမကဏ္ဍဖွံ့ဖြိုးရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ကလေးအရွယ်မှစ၍ အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တီးတိန်မြို့ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ခရီးစဉ်တွင်လိုက်ပါလာသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူတို့က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က ဂျုံ၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများကို တောင်သူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အမှတ်တရလက်ဆောင်များကို ပေးအပ်ကြရာ မြို့မိ မြို့ဖ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသားများရေးရာဌာန ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်ပြုခြင်းဆိုင်ရာဌာနခွဲနှင့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန မှတ်တမ်းဌာန(ရန်ကုန်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နိုင်ငံခြားသားများရေးရာဌာန ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်ပြုခြင်းဆိုင်ရာဌာနခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဌာနခွဲခန်းမ၌ လုပ်ငန်းတာဝန်ခံများက မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် နိုင်ငံခြားသားများ၏ ပြည်ဝင်ဗီဇာနှင့် နေထိုင်ခွင့်ဆိုင်ရာ သက်တမ်းတိုးမြှင့်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ သီလဝါဆိပ်ကမ်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)တို့၌ နေထိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်း(PR)ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံခြားသားမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံခြားသားများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်သက်တမ်းတိုးခြင်းကိစ္စရပ်များနှင့် နိုင်ငံခြားသားထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်သောဝန်ဆောင်မှုပေးရေးနှင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ရေး မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွန်ပျူတာခန်းအတွင်း နိုင်ငံခြားသားများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်သက်တမ်းတိုးခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် စာရင်းဇယားများ ဖြည့်သွင်းနေမှုနှင့် Online မှတစ်ဆင့် ရုံးချုပ်သို့ စာရင်းဇယားများ ပေးပို့နေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန မှတ်တမ်းဌာန(ရန်ကုန်)သို့ ရောက်ရှိပြီး လုပ်ငန်းတာဝန်ခံက ဒစ်ဂျစ်တယ်မှတ်တမ်းတင်ခြင်းစနစ်လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခင်မှတ်တမ်းဟောင်းများကို နည်းပညာဖြင့် ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး စနစ်တကျ အလေးဂရုပြု ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခန်းမဆောင်အတွင်း ခေတ်အဆက်ဆက် ထိန်းသိမ်းထားရှိသည့် အမျိုးသားမှတ်ပုံတင်ဆိုင်ရာ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထား အချက်အလက်များကို နည်းပညာအသုံးပြု၍ ဒစ်ဂျစ်တယ်မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အဆိုပါဌာန၌ မှတ်တမ်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစည်းအဝေးပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဘီးလင်းမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်က သဘာဝဘေးမဖြစ်ပွားမီ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သဘာဝဘေးဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်အောင်ထွန်းက သဘာဝဘေးမဖြစ်မီ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ဖွဲ့စည်းထားရေး၊ ကယ်ဆယ်ရေးစခန်းနေရာများ ကြိုတင်စီမံထားရှိရေး ဆောင်ရွက်ထားကြရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များက ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ မြောက်ဦးခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

**စစ်တွေ စက်တင်ဘာ ၁၆**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တပ်မတော် ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ ကျောက်တော်၊ မြောက်ဦးနှင့် ကျောက်ဖြူမြို့နယ်များသို့သွားရောက်ပြီး အဆိုပါမြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် ကျောက်တော်မြို့သို့ရောက်ရှိပြီး စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများတွင် အလားအလာကောင်း များစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ရာ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များသည် စိုက်ပျိုးရေးကဏ္ဍတွင် ပြည်နယ်၏ အဓိကအားထားရသော မြို့နယ်များဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို နည်းစနစ်မှန်စွာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းနှင့် ရခိုင်ပြည်နယ်၏ ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော မြို့မိ၊ မြို့ဖများ၊ တောင်သူများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောက်တော်တောင် ဘုရား၌ ခေတ်လှေကားတည်ဆောက်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ် သိန်း ၁၀၀နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက လှူဒါန်းငွေများကို ပေးအပ်ပြီး ကျောက်တော်မြို့နယ် ရှေးဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အားသွားရောက်ဖူးမြော်ကြကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဘုရားကြီးသိမ်တော် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြောက်ဦးမြို့သို့ သွားရောက်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်ဖြူမြို့သို့ သွားရောက်ပြီး ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော မြို့မိ၊ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကာ လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်း၊ ဟိုပုံးမြို့နယ်တို့ရှိ အခြေခံပညာကျောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအတွင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်းတွင်ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကာလကတည်းက ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ပညာတတ်မြောက်ရေးအတွက် ဆရာ ဆရာမများ သင်ကြားသည့်အခါ အာရုံစူးစိုက်သင်ယူ၍ ထူးချွန်သည့်နိုင်ငံသားကောင်းများဖြစ်ရန် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပေါင်လင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲသွေးနှင့်အတူ အဆိုပါကျောင်းရှိစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ် တည်ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအတွင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များကို သင်ကြား၊ သင်ယူနေသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ မိမိတို့ သင်ယူနေသည့် ဘာသာရပ်များကို စိတ်ဝင်စားစွာ လေ့လာသင်ယူကြစေလိုပါကြောင်း၊ သင်ယူနေသည့် ဘာသာရပ်သည် နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု၊ သင်ကြားသင်ယူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ သဘာဝဘေးအန္တရာယ် လျှော့ချရေး အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁၆**

သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် အင်းစိန် အထက(၁) ရောဝတီခန်းမ၌ကျင်းပရာ အင်းစိန်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ကလေးသူငယ်များအတွက် သဘာဝဘေး အန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များကို လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြသခြင်းနှင့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို ပြသရှင်းလင်းခြင်း၊ စာသင်ကျောင်းအခြေပြု ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်များကို ဟောပြောပို့ချ သရုပ်ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မန်တုံ စက်တင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ တိမ်ကြားမင်းခေါင်ခန်းမ၌ မန်တုံမြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတတ်ပညာ၊ အသိပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်အောင် မွေးထုတ်ပေးကြရန် လိုကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တိုင်းရင်းသား ပြည်သူများ၏ အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရန်နှင့် ဆင်းရဲမှုနည်းပါးအောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန်တုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ပြီး တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့် ပညာရေး၊ ကျန်းမာရေးဌာနတို့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။




ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန်တုံမြို့နယ် နမ့်ကုမ်ချောင်း ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး မန်တုံမြို့ အောင်ချမ်းသာမာန်တောက်ကျောင်း ဆရာတော် ဦးသုနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားကာ အာဟာရပြည့် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ နမ့်ဆန်ပြည်သူ့ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ ဇယန်းကြီး ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးသင်ပညာရေးအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပတ္တမြားစေတီနှင့် နမ့်ဆန်မြို့ မဟာမြတ်မုနိဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်းကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ တောင်ပိုင်ခန်းမ၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ပလောင်တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပလောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအပေါ် ထောက်ပံ့ငွေပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးရန်ပုံငွေမှ နမ့်ဆန်မြို့ ဟူးခင်းကျေးရွာအုပ်စု မန်စပ်ကျေးရွာ ဘုန်းကြီးကျောင်းဆွမ်းစားဆောင် အနောက်ဘက်ကမ်းပါးယံ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆၈၀၀၀၀၀၊ နမ့်ဆန်မြို့ မြို့လယ်ရပ်ကွက်ရှိ ဒေသ/မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အနောက်ဘက် မြေထိန်းနံရံအား ကျောက်စီ မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၀၀၀၀၀၀၀၊ နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက် ဗိုလ်တာရာလမ်း မြို့နယ်စည်ပင်ရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ အောက်လမ်း ကမ်းပါးယံအား ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၃၂၀၀၀၀၀၊ နမ့်ဆန်မြို့နယ် ဟူးခင်းကျေးရွာအုပ်စု မန်စပ်ကျေးရွာအတွင်းရှိ မန်စပ်-ရေပူစမ်း ကျောက်ချောလမ်းနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၈၅၀၀၀၀၀ ကို ပေးအပ်ရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ပလောင်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ပလောင် တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့က လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ MSMEs ဒေသထွက် ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ကျောင်းတိုက်သို့ သွားရောက်၍ မြို့မဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဝိမလအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးတွင် ပလောင်စာပေ ယဉ်ကျေးမှုအဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**ကျောင်းကုန်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉) စက်မှုလယ်ယာစခန်း၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါစက်မှုလယ်ယာဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ယခုသင်တန်းသည် အခြေခံသင်တန်းဖြစ်၍ ဆက်လက်လေ့လာသင်ယူကြရန်နှင့် တစ်ဧက ၁၀ တင်းနှုန်း အထွက်တိုးရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားပြီး အဖွဲ့ဝင်(၁) ဗိုလ်မှူးနေဝင်းနောင်က သင်တန်းဆင်းလက်မှတ်ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၆၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# နိုင်ငံတကာ Polytechnic University များအား လေ့လာဆန်းစစ်၍ အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

နိုင်ငံတကာ Polytechnic University များအား ဆန်းစစ်လေ့လာ၍ အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမှာစကားပြောကြားပြီး အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက နိုင်ငံတကာ Polytechnic University များအား လေ့လာဆန်းစစ်၍ အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ခေါင်းဆောင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ရန်ကုန်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ခင်းကျင်းပြသထားသည့် နိုင်ငံတကာတွင် ဖွင့်လှစ်ထားရှိသော Polytechnic University များအကြောင်း ဆန်းစစ်ချက်များကို ကြည့်ရှုလေ့လာကြသည်။



မြန်မာနိုင်ငံအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်း လက်လှမ်းမီစေရေးနှင့် လူဦးရေထူထပ်မှု လိုအပ်ချက်အရ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ထပ်မံဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် အထူးဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ၄၆ ခုတို့ကို ဖွင့်လှစ်ခဲ့ပြီး ဘွဲ့လွန်နှင့် ခေတ်မီနည်းပညာဘွဲ့များ ပေးအပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်းတွင် မန္တလေးနည်းပညာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့ကိုလည်းကောင်း၊ တိုးတက်လာသော နည်းပညာ လိုအပ်ချက်အရ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်၊ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့ကိုလည်းကောင်း ဖွင့်လှစ်ခဲ့သည်။

**လိုအပ်လျက်ရှိ**

အသိပညာများ ဖြန့်ဝေပေးနိုင်သည့် တက္ကသိုလ်များ တည်ထောင်ထားသကဲ့သို့ လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် ပိုမိုနီးနှော ဆက်နွယ်သည့် ဘာသာရပ်များကို အဓိကထား သင်ကြားပေးသည့် တက္ကသိုလ်များ လိုအပ်လျက်ရှိရာ နိုင်ငံတကာတွင် တက္ကသိုလ်ပညာရေးရရှိနိုင်စေရေး အတွက် ကြိုးပမ်းနိုင်ခွင့်ပေးထားသကဲ့သို့ လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရေး အဓိကထားသည့် ဘက်စုံသက်မွေးပညာ တက္ကသိုလ် (Polytechnic University)များမှ တစ်ဆင့် အခွင့်အလမ်းရရှိစေရေး အတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတကာ Polytechnic University များကို ဆန်းစစ်လေ့လာနိုင်ပြီး အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်များ ပေါ်ထွက်လာနိုင်ရေး အတွက် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်-အာဆီယံ ဆောက်လုပ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နန်နင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုးအိမ်နှင့် မြို့ပြ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အိမ်ရာနှင့် မြို့ပြ-ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ၊ ခေတ်သစ်ပိုးလမ်းကြီး (Belt and Road Initiative – BRI)နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ(China–Myanmar Economic Corridor–CMEC)ကိုလည်း အရည်အသွေး မြင့်မြင့်မားမားဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နန်နင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ အိုးအိမ်နှင့် မြို့ပြ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လိုက်လံကြည့်ရှု လေ့လာကြသည်။




ထို့နောက် China–ASEAN Ministerial Roundtable on Construction အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ "ပွင့်လင်းမြင်သာမှုရှိပြီး၊ နှစ်ဦးနှစ်ဖက် အကျိုးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တည်ဆောက်ရေးကဏ္ဍတွင် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များ မျှဝေခြင်း"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆက်စပ်မှုများ၏ အရေးပါမှုကို ဖော်ပြခြင်းဖြစ်ပါကြောင်း။

တရုတ် - အာဆီယံ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောကဏ္ဍတစ်ရပ်အနေဖြင့် China – Myanmar Economic Corridor (CMEC)သည် တရုတ်နိုင်ငံ၏ Belt and Road Initiative (BRI) ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို မြင့်တင်ပေးကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံအဆောက်အအုံချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတကာ ကုန်းလမ်း၊ ရေလမ်း ကုန်သွယ်ရေးစင်္ကြံ(International Land Sea Trade Corridor – ILSTC) သည် မြန်မာနိုင်ငံကို ဖြတ်ကျော်၍ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးသည့် အရေးကြီးသော လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးကဏ္ဍသည် ခေတ်မီသယ်ယူပို့ဆောင်ရေးကွန်ရက်များ၊ ရေရှည်တည်တံ့သော မြို့ပြစီမံကိန်းနှင့် ခံနိုင်ရည်ရှိသော အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက် အလားအလာကို အပြည့်အဝ အသုံးပြုနိုင်ရန်နှင့် ဒေသတွင်း ချိတ်ဆက်မှုတိုးမြှင့်ရန်၊ ခိုင်မာသော အခြေခံအဆောက်အအုံစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည်လည်း မရှိမဖြစ်လိုအပ်ပါကြောင်း၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် စည်းလုံးညီညွတ်စွာဖြင့် သာယာဝပြောပြီး အပြန်အလှန်အကျိုးရှိစေမည့် နည်းလမ်းကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ရန် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ကြရာ၌ အာဆီယံ နိုင်ငံအသီးသီး၏ အကောင်းဆုံးအလေ့အထများနှင့် နည်းပညာများကို အချင်းချင်းမျှဝေဆွေးနွေးကြခြင်းဖြင့် ယခုကျင်းပသည့် အစည်းအဝေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသည့် ဝန်ကြီးများနှင့် တာဝန်ရှိသူများက တရုတ်- အာဆီယံ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာမြောက် အလားအလာများ၊ အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းများ၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်း မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ပြည်သူ့ဆေးရုံ၌ ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသူ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ အမှတ်(၅၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ထွန်းနေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးဇေယျာမြင့်နှင့် တပ်ဖွဲ့ဝင်များက ဆေးရုံကြီးအတွင်း အပြင်ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ ရေဝပ်သောနေရာများအား မြေဖို့ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။** သူရ(ပြန်/ဆက်)



**(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်မိုး ဦးစီး ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ မိသားစုဝင်များက စက်တင်ဘာ ၁၆ ရက်တွင် တပ်ကုန်းခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။** တင်စိုးလွင်

# ဆက်သွယ်ရေးလိမ်လည်မှုနှင့် ပတ်သက်သမျှ သတင်းမှားချေဖျက် ပူးပေါင်းဆောင်ရွက်

မိုးမြင့်

မကောင်းမှုဒုစရိုက်များ ကြီးစိုးရာသည် အမှောင်လောက၊ အမှောင်လောကသားများတွင်ကျယ်ရာသည် မြေအောက်လောက။ အပြန်အလှန် အမှီသဟဲပြုနေသည့် သဘောတရားတစ်ခုကို တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံမှုကင်းမဲ့နေသည့် နယ်စပ်ဒေသအချို့ရှိ ဥပဒေမဲ့လုပ်ရပ်များနှင့် ဆက်စပ်စဉ်းစားလိုက်သည့်အခါ အချို့သောနယ်စပ်ဖြတ်ကျော်မှုခင်းများသည် နိုင်ငံ၏ပုံရိပ်၊ ဒေသ၏ ပုံရိပ်ကို ကျဆင်းသွားစေသည့်အပြင် သက်ဆိုင်ရာနိုင်ငံများနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ၊ ကိုယ်ကျင့်တရားများကိုပါ ထိခိုက်ပျက်စီးသွားစေသည်ကို တွေ့ရှိရသည်။ နောက်ဆက်တွဲအနေဖြင့် နယ်နိမိတ်ဖြတ်ကျော် တရားမဝင်လုပ်ငန်းများကြောင့်ပင် အိမ်နီးချင်းပြည်သူအချင်းချင်းကြား အထင်မှား၊ အမြင်မှားဖြစ်ကြရသည်။

**အဓိကတရားခံမှာ**

တရားမဝင် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းနှင့်ဖုန်းမှ ငွေလိမ်လည်မှု၊ လူကုန်ကူး၊ မူးယစ်ဆေးဝါး၊ မှောင်ခိုကုန်ကူး၊ လူသတ်ပြန်ပေးဆွဲ ဓားပြတိုက်၊ အဓမ္မခိုင်းစေမှု၊ ငွေညှစ်မှု စသည့် တရားမဝင်လုပ်ငန်းများနှင့်ပတ်သက်၍ သတင်းများကြားသိနေရသည်မှာကြာပါပြီ။ အထူးသဖြင့် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုနယ်စပ်နေရာများတွင် ဖြစ်သည်။ အမှောင်လောကသတင်းဟူသည် အတိအကျသိရှိရန် ခဲယဉ်းလှပြီး ပြဿနာဖြစ်ပွားရာ နေရာအများစုမှာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အပြည့်အဝ ထိန်းချုပ်ထားခြင်းမရှိ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အခြေစိုက်ကြီးစိုးသည့်နေရာများသာ ဖြစ်နေသည်။

တရားမဝင်ပုံစံအမျိုးမျိုးဖြင့် ရပ်တည်နေကြသူများဖြစ်၍ ရာဇဝတ်မှုများထူပြောပြီး ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားမျိုးစုံ စိမ့်ဝင်ကြမည်ကို အထူးပြောစရာလိုမည်မထင်ပါ။ ဒေသခံလက်နက်ကိုင်အဖွဲ့များက ပြည်ပမှကော ပြည်တွင်းကပါ ဥပဒေမဲ့ လာရောက်လုပ်ကိုင်ကြသူများကို အခကြေးငွေယူ နေရာပေးထားသည်၊ ဥပဒေမဲ့လုပ်ရပ်မှန်သမျှ တရားမဝင် လုပ်ခွင့်ပေးထားကြသည်။ ဥပဒေမဲ့ဝင်ရောက်နေသည့် တရားမဝင် နိုင်ငံခြားသားများက တရုတ်နိုင်ငံသားများအပါအဝင် မြန်မာလူငယ်လူရွယ်များကိုခေါ်၍ အလုပ်ပေးထားသည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးပြီး လုပ်ခလစာနည်းပါးသည့် အခြေအနေများကြောင့် ဘဝရပ်တည်မှုခက်ခက်ခဲခဲဖြင့် ရွှေ့ပြောင်းသွားလာ မြန်မာလူငယ်များအတွက် နယ်စပ်ဒေသရှိ တရားမဝင်အလုပ်များက ဆွဲဆောင်မှုတစ်ခုဖြစ်နေသည်။

မက်လုံးပေးစည်းရုံးမှုအောက်မှာ မြန်မာလူငယ်များ၊ တရုတ်လူငယ်လူရွယ်များ လုပ်အားခေါင်းပုံဖြတ်ခံရ၊ လိင်အမြတ်ထုတ်ခံရမှုများမှာ ကြာပြီဖြစ်သည်။ အွန်လိုင်းလိမ်လည်မှု၊ လူလည်နိုင်ငံခြားသားဒုစရိုက်သမားများ၏ပစ်မှတ်သည် တရုတ်နိုင်ငံသားများဖြစ်ကြသလို မြန်မာနိုင်ငံသားများကိုလည်း အလွတ်မပေးပါ။ သူတို့လူအချင်းချင်းလိမ်လည်မှုဖြစ်စဉ်များသည် မြန်မာပြည်တွင်းမှာ အများဆုံးဖြစ်သည့်အတွက် အလိမ်ခံရသူများက မြန်မာနိုင်ငံအပေါ် အထင်လွဲကြခြင်းဖြစ်သည်။ မြန်မာများက လူလိမ်များ၊ ရာဇဝတ်ကောင်များဖြစ်ကုန်သည်။ အမှောင်ချထားသည့် သတင်းမှားများအောက်တွင် မြန်မာများ နာမည်ပျက်ရသည်။

**လက်တွဲဆောင်ရွက် ပူးပေါင်းတိုက်ဖျက်**

အမှန်တွင် တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာအစိုးရများနှင့်တကွ ပြည်သူများ၏ စိုးရိမ်ပူပန်မှုအပေါ် များစွာအလေးအနက်ထားပါသည်။ ထိုကဲ့သို့သော အွန်လိုင်းဒုစရိုက်အပါအဝင် ဥပဒေမဲ့လုပ်ရပ်မှန်သမျှ တရုတ်ပြည်သူများ စက်ဆုပ်မုန်းတီးသလို မြန်မာ့လူ့အဖွဲ့အစည်းများကလည်း လက်မခံရှုံ့ရှာစက်ဆုပ်ကြသည်ဖြစ်၍ ဆက်လက်နှိမ်နင်းထိန်းချုပ်ဆောင်ရွက်သွားရန် အသင့်ရှိနေပါသည်။ နယ်စပ်ဒေသများရှိ ထိုတရားမဝင်လုပ်ငန်းများအပေါ် သက်ဆိုင်ရာဆက်စပ်နိုင်ငံများအကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ် ပူးပေါင်းညှိနှိုင်း စစ်ဆင်ရေးပမာဆောင်ရွက်ကြမှသာ ထိုတရားမဝင်လုပ်ငန်းများ ချုပ်ငြိမ်းမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း တရုတ်နှင့်မြန်မာ နှစ်နိုင်ငံနီးနီးကပ်ကပ် လက်တွဲဆောင်ရွက်မှုများနှင့်အတူ ထိုက်သင့်သော ရလဒ်ကောင်းများရရှိနေပြီဆိုသော သတင်းစကားများလည်း ကြားသိလာရခြင်းဖြစ်ပါသည်။ ယခင်ကတည်းကပင် သက်ဆိုင်ရာအစိုးရများနှင့် ပြည်သူအချင်းချင်းကြား ကောင်းသည်များ၊ တူသည်များ လက်တွဲလုပ်ခဲ့ကြသည့်အတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများကား ခိုင်ခိုင်မာမာရှိပြီးဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အကောင်းမြင်သဘောထားများအောက်တွင် အထူးအထွေပြောစရာမရှိပါ။

ကိုယ်ကျိုးရှာ အဖျက်သမားများ၏ နာမည်ဖျက်၊ အဖျက်အမှောင့်များကို များစွာသတိထားရမည်ဖြစ်ပါသည်။ သူတို့လုပ်ရပ်များကြောင့် နိုင်ငံလုံခြုံရေးစည်းကျိုးပေါက်သွားနိုင်သည်ကို အမှုမဲ့အမှတ်မဲ့မနေသင့်ပါ။ အရေးယူမှုများမှတစ်ဆင့် သားကောင်အဖြစ်ခံရသူများကို ကယ်တင်ခြင်း၊ နိုင်ငံခြားသားဆိုလျှင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ခြင်းများကို စီမံချက်အသွင် ဆက်လက်ဆောင်ရွက်ကြရပါမည်။

**ပထဝီနိုင်ငံရေးအရေးပါမှုကလည်း အကြောင်းတရားတစ်ခု**

ယခုလိုဆက်စပ်နယ်မြေများမှာ ခိုအောင်းလှုပ်ရှားနေသည့် ဥပဒေပြင်ပလုပ်ရပ်များကြောင့် နှစ်နိုင်ငံပြည်သူများကြား သူ့အပေါ် ကိုယ့်အပေါ် အထင်လွဲအမြင်မှားမှုများ ရပ်တန့်နိုင်ရေး ဦးတည်ရာတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှု အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ပထဝီဝင်တည်နေရာအနေအထားအရ အချက်အချာကျကျတည်ရှိနေသော မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအတွက်သာမက အရှေ့တောင်အာရှဒေသအတွက်ပါ အရေးကြီးလှသည်။ ကုန်းတွင်းပိတ် ယူနန်ပြည်နယ်အတွက် အစားအစာနှင့် စွမ်းအင်လုံခြုံမှု၊ BRI project၊ အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်း သီအိုရီအရ၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာအရ အရေးပါမှုစသည့် အချက်များအပေါ် တရုတ်နိုင်ငံ၏ စိတ်ဝင်စားမှုများသည် ယခုအခါ ပို၍ကြီးထွားလာသည်ကို သတိထားမိပါသည်။ ထိုအချက်ကို မြန်မာနှင့် တရုတ်တို့ကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးက အားဖြည့်ပေးရမည်ဆိုသောအချက်သည် နှစ်နိုင်ငံလုံး၏ ခံယူချက်ဖြစ်သည်။ သို့မှသာ တစ်ဖက်က အမေရိကန်၏ ဖိအားပေးပိတ်ဆို့မှုများရန်ကို အန်တုရင်ဆိုင်နိုင်မည်ဟူသည့် ယုံကြည်ချက်သည် ဆက်လက်ခိုင်မာနေမည်ဖြစ်ပါသည်။

“ယခုလိုဆက်စပ်နယ်မြေများမှာ ခိုအောင်းလှုပ်ရှားနေသည့် ဥပဒေပြင်ပလုပ်ရပ်များကြောင့် နှစ်နိုင်ငံပြည်သူများကြား သူ့အပေါ် ကိုယ့်အပေါ် အထင်လွဲအမြင်မှားမှုများ ရပ်တန့်နိုင်ရေး ဦးတည်ရာတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှု အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ပထဝီဝင်တည်နေရာအနေအထားအရ အချက်အချာကျကျတည်ရှိနေသော မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအတွက်သာမက အရှေ့တောင်အာရှဒေသအတွက်ပါ အရေးကြီးလှသည်။ ကုန်းတွင်းပိတ်ယူနန်ပြည်နယ်အတွက် အစားအစာနှင့် စွမ်းအင်လုံခြုံမှု BRI project၊ အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်း သီအိုရီအရ၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာအရ အရေးပါမှု စသည့်အချက်များအပေါ် တရုတ်နိုင်ငံ၏ စိတ်ဝင်စားမှုများသည် ယခုအခါ ပို၍ကြီးထွားလာသည်ကို သတိထားမိပါသည်။ ထိုအချက်ကို မြန်မာနှင့်တရုတ်တို့ကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးက အားဖြည့်ပေးရမည်ဆိုသောအချက်သည် နှစ်နိုင်ငံလုံး၏ ခံယူချက်ဖြစ်သည်။ သို့မှသာ တစ်ဖက်က အမေရိကန်၏ ဖိအားပေးပိတ်ဆို့မှုများရန်ကို အန်တုရင်ဆိုင်နိုင်မည်ဟူသည့် ယုံကြည်ချက်သည် ဆက်လက်ခိုင်မာနေမည်”

**မြန်မာနိုင်ငံပုံရိပ်ပြန်လည်မြင့်မားလာမည့် ဖော်ပြချက်တစ်ခု**

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ခိုင်မာသောနားလည်မှုနှင့် အပြန်အလှန်ယုံကြည်မှုများသည် အငြင်းပွားစရာအချက်များမဟုတ်ပါ။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ဖြစ်စဉ်ဖြစ်ရပ်များအပေါ် မားမားမတ်မတ်ရပ်တည်၍ အစဉ်တစိုက် ကူညီအားပေးလျက်ရှိသည်သာဖြစ်သည်။ ထိုအချက်ကို ထင်ဟပ်သည့် တရုတ်နိုင်ငံခေါင်းဆောင်များ၏မှတ်ချက်များ၊ ထင်မြင်ချက်များကို သူတို့နှင့်ပတ်သက်သည့် သတင်းဌာနများ၊ မီဒီယာများ၊ WeChat စသည့် သတင်းစာမျက်နှာများတွင် မကြာခဏ ဖတ်ဖူး၊ လေ့လာမှတ်သားဖူးပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တရုတ်ခေါင်းဆောင်များ၏ ထင်မြင်ချက်များသည် အပြုသဘောဆောင်ပြီး တတ်နိုင်သမျှ အကောင်းမြင်ပေးလေ့ရှိသည်။ အထူးသဖြင့် (၁၄)ကြိမ်မြောက် CPPCC အမျိုးသားကော်မတီ၊ Tianjin News Media Association ၏ ဒုတိယဥက္ကဋ္ဌနှင့် Tianjin Red Coast Culture Development တည်ထောင်သူ Mr. Zhou Xiaoping ၏ “မြန်မာနိုင်ငံအကြောင်း သိကောင်းစရာများနှင့် ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ အဓိကတရားခံအား ဖော်ထုတ်နိုင်ရေး” ဟူသည့် ခေါင်းစဉ်ဖြင့် ၂၀-၈-၂၀၂၃ ရက်နေ့က ၎င်း၏ WeChat သတင်းစာမျက်နှာပါ ဖော်ပြချက်ပါ သိသင့်သိထိုက်သည်များကို ဖတ်ရှုလိုက်ရသည်။ သူ၏ဖော်ပြချက်များကို မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေဖြစ်ရပ်မှန်များအပေါ် ထင်ဟပ်သည့် အနီးစပ်ဆုံးဖော်ပြချက်များအဖြစ် နားလည်သဘောပေါက်သွားမိပါသည်။

တရုတ်မီဒီယာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပျံ့နှံ့လျက်ရှိသော သတင်းမှားများကို အသေးစိတ် ပြန်လည်ရှင်းလင်းရေးသားထားသည့်အတွက်လည်း အဖိုးတန်သည့် ဖော်ပြချက်များအဖြစ် မှတ်ယူပါသည်။ ထိုဖော်ပြချက်များက မြန်မာနိုင်ငံ၏ပုံရိပ်ကို ပြန်လည်မြင့်မားလာစေပြီး နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူအချင်းချင်းကြား နားလည်မှုကို ပိုမိုခိုင်မြဲစေမည်ဟု သုံးသပ်ပါသည်။ ထိုဖော်ပြချက်ကြောင့်ပင် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံသားအဖွဲ့လိုက် ပြည်ပခရီးသွားများ၏ စိတ်ဝင်စားမှု ပြန်လည်မြင့်တင်လာနိုင်မည့် အလားအလာများအပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မိခြင်းဖြစ်ပါသည်။

**သူတို့က မြန်မာနိုင်ငံကို တရုတ်နိုင်ငံနှင့် ပြည်သူများအတွက် အရေးပါသော နိုင်ငံတစ်ခုအဖြစ် အမြဲရှုမြင်ကြပြီး မြန်မာနိုင်ငံနှင့် နီးနီးကပ်ကပ်ဆက်ဆံလိုကြသည်မှာ ထင်ရှားပါသည်။ နှစ်နိုင်ငံအနာဂတ် ဘက်စုံအကျိုးအမြတ်ဖြစ်ထွန်းမှုနှင့် တရုတ် – မြန်မာ စီးပွားရေးစင်္ကြံဖြစ်ထွန်းမှု အပြန်အလှန် မှီတည်နေကြသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် မည်သည့်အချိန်၊ မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးသွားမည်မဟုတ်ကြောင်း နားလည်ထားပါသည်။**

**ဆန့်ကျင်ဘက်က ဘယ်သူလဲ**

Mr. Zhou Xiaoping အဓိကထောက်ပြသည်မှာ ရာဇဝတ်မှုဆိုင်ရာ တရားမဝင်လုပ်ငန်းအများစုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အခြေပြုလှုပ်ရှားသွားလာရာ နယ်မြေများနှင့် အခိုင်အမာဆက်စပ်နေသည်ဆိုသော အချက်ပင်ဖြစ်သည်။ ပထဝီအနေအထားအရ တောတောင်များထူထပ်ရာ အဆိုပါဒေသအများစုတွင် မြန်မာနိုင်ငံမြောက်ပိုင်းနယ်မြေများနှင့် ရွှေတြိဂံနယ်မြေများ ပါဝင်ပြီး UWSA၊ AA၊ ကိုးကန့်၊ KIA လက်နက်ကိုင်အဖွဲ့များ အဓိကလှုပ်ရှားကြသည်။ “ဝ”ဒေသတွင် ဆက်သွယ်ရေးလိမ်လည်မှုများကို တရုတ်အစိုးရဘက်မှ တင်းတင်းကျပ်ကျပ်တားမြစ်ထားသည်ဟု ဆိုခြင်းနှင့် ဆန့်ကျင်ဘက် KIA ကမူ အမေရိကန်နှင့် အဆက်အသွယ်ရှိနေပြီး အမေရိကန်က ပံ့ပိုးထားသည့် အဆင့်မြင့်လက်နက်များ ကိုင်ဆောင်ထားသည်ဟု သိရသည်။

KIA ၏ ရည်မှန်းချက်က တရုတ်-မြန်မာ နှစ်ဖက်အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းသာဖြစ်ပြီး KIA သည် AA နှင့်လက်တွဲ၍ အမေရိကန်လုပ်လက်နက်များအသုံးပြုကာ ဘင်္ဂလားပင်လယ်အော်ထွက်ပေါက်

**စာမျက်နှာ ၁၁ သို့**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၉၆ ကီလိုပြိုင်ပွဲ၊ အမျိုးသား ၁၀၂ ကီလိုပြိုင်ပွဲ၊ အမျိုးသား ၁၀၉ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၇၆ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၈၁ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၈၇ ကီလိုနှင့်အထက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး ၇၆ ကီလိုပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစားသမားများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အမျိုးသမီး ၈၁ ကီလိုပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစားသမားများနှင့် အမျိုးသမီး ၅၉ ကီလိုပြိုင်ပွဲတွင်ပြည်နယ်နှင့် တိုင်းဒေသကြီး နှစ်ဆင့်မ သတ်မှတ်စံချိန်သစ် တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အမျိုးသား ၉၆ ကီလိုပြိုင်ပွဲတွင် ဆုရရှိကြသည့် အားကစားသမားများနှင့်အမျိုးသား ၅၅ ကီလိုပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မ သတ်မှတ်စံချိန်သစ်တင်နိုင်ခဲ့သည့်အားကစားသမားတို့ကိုအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန်က လည်းကောင်း၊ အမျိုးသား ၁၀၂ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၁၀၉ ကီလိုပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် အားကစားသမားများနှင့် အမျိုးသား ၇၃ ကီလိုပြိုင်ပွဲတွင်ပြည်နယ်နှင့် တိုင်းဒေသကြီး နှစ်ဆင့်မ စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသမီး ၄၉ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၆၇ ကီလိုပြိုင်ပွဲတို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားများ၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆု ရရှိသည့် အားကစားသမားနှင့် အမျိုးသား အကောင်းဆုံး အားကစားသမား ဆုရရှိသည့် အားကစားသမားတို့ကို ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး ၆၄ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၈၉ ကီလိုပြိုင်ပွဲတို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး စံချိန်သစ် တင်နိုင်ခဲ့သည့် အားကစားသမားများ၊ အမျိုးသမီး တံခွန်စိုက် ဆုဖလားရရှိသည့် မကွေးတိုင်းဒေသကြီး အသင်း၊ အမျိုးသားတံခွန်စိုက် ဆုဖလား ရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း ဆုတံဆိပ်များ၊ ဆုငွေများနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။



၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီး အသင်း ၁၁ သင်း စုစုပေါင်း ၁၇၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်နံနက် ၇ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်ဘုရားကြီး၌ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးလွင်၏ ကြီးကြပ်မှုဖြင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူး စိုးဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ထွန်းထွန်းအေးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့မိသားစုဝင်များက စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမျိုးလွင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့မိသားစုဝင်များက စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီက ချောင်းဆုံအနောက် ရပ်ကွက်ရှိ ဘုရားလေးဆူ၊ ရဲရန်အောင်ဘုရားစေတီတော်နှင့် ရွှေမြင့်မိုရ်တောင်ဘုရားစေတီတော်တို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

---

✤ စာမျက်နှာ ၁၀ မှ

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို ပိတ်ဆို့နှောင့်ယှက်လာမည့် အလားအလာများရှိနေကြောင်း Mr . Zhou က သုံးသပ်တင်ပြထားပါသည်။ ထို့အတူ ကိုးကန့်ဒေသရှိ မြောက်ပိုင်းမဟာမိတ် လက်နက်ကိုင်အဖွဲ့များအနေဖြင့် အမေရိကန်နှင့် အနောက်နိုင်ငံများမှ ငွေကြေးလက်နက်များ ရယူပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှုနည်းပညာများတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ တဖြည်းဖြည်း ၎င်းဒေသသည် ငွေကြေးခဝါချရာ ဝန်ဆောင်မှုပေးသည့် အခြေစိုက်စခန်းကြီးတစ်ခု ဖြစ်လာနေကြောင်း သတိပေးချက်ကို သိရှိလိုက်ရပါသည်။

**သတင်းမှားများဖြင့် နာမည်ပျက်အောင်ပုံဖျက်နေ**

ထိုသို့သော အွန်လိုင်းငွေလိမ်လည်မှု စသည့် တရားမဝင်လုပ်ငန်းများ၏ သားကောင်ဖြစ်ရသူများသည် မိမိတို့ဒေသတွင်းမှာသာမဟုတ် တစ်ကမ္ဘာလုံးတွင် အတိုင်းအတာတစ်ခုအထိ ပျံ့နှံ့နေပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ပါသည်ဆိုသော အမေရိကန်သည်ပင် ရှောင်လွှဲ၍မရသလို စင်ကာပူလည်း ခံရသည့်နိုင်ငံများစာရင်းတွင် ပါဝင်နေသည်။ ထိုနိုင်ငံများက ရေနံသူဌေးချမ်းသာသူများ၏ လက်ခုပ်ထဲကရေပမာ ဖြစ်နေရသည်။ ဖိလစ်ပိုင်ဆိုလျှင် အထက်မှာဆိုခဲ့သည့် တရားမဝင်လုပ်ငန်းအားလုံး နိုင်ငံအတွင်း အတော်ပျံ့နှံ့နေပြီဟု ဆိုရမည်ဖြစ်သည်။ သူတို့လူမျိုးများက ထိုဥပဒေမဲ့ ရာဇဝတ်မှုအားလုံးကို

> **“အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ရာနေရာဒေသများတွင် တရားမဝင် နိုင်ငံခြားသားများကို ဖိတ်ခေါ်၍ တရားမဝင်အလုပ်များကိုခွင့်ပြုကာ မိမိတို့၏ ရပ်တည်ခွင့်ကို တလွဲအသုံးချနေသူများသည် တစ်နည်းတစ်လမ်းအားဖြင့် နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်သူများသာဖြစ်ပါသည်။ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးကို မတည်မငြိမ်ဖြစ်စေပြီး နယ်မြေတည်တံ့မှုအပေါ် စိန်ခေါ်မှုတစ်ခုအဖြစ် မှတ်ယူရပါမည်။ ဒေသခံများနှင့် လာရောက်အလုပ်လုပ်ကြသော လူငယ်တို့၏ လူမှုစီးပွားဘဝများ၊ ကိုယ်ကျင့်သိက္ခာများ၊ ယဉ်ကျေးမှုများ ဆုတ်ယုတ်ပျက်စီးစေသည်ကို သတိပြုကြရမည်”**

အပြစ်မရှိသည့်ပမာ ကျူးလွန်နေကြသည့်အပြင် တရားမဝင်မှုအားလုံးသည် ဖိလစ်ပိုင်ပြည်သူများအတွက် ပျော်မွေ့ရာ သုခဘုံပမာ ဖြစ်လာသည်ဟုပင် ယူဆရမလိုဖြစ်နေသည်။

သို့သော် ဤသို့သောအမှုအခင်းများသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပင် ဖြစ်နေသယောင်ယောင် တရားဥပဒေစိုးမိုးမှုမရှိသော နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လုံးဝနေချင့်စဖွယ်မရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် အမေရိကန်နှင့် အနောက်လွှမ်းမိုးသော မီဒီယာအများစုက ပုံဖော်နေကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ နာမည်ပျက်အောင်ဖျက်နေကြခြင်းသာဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံအစိုးရ အုပ်ချုပ်မှုအောက်ရှိ ဒေသများနှင့် မြို့အများစုတွင် တရားဥပဒေစိုးမိုးမှုရှိနေပြီး တရားမဝင်အွန်လိုင်းလိမ်လည်ဖုန်းဟူ၍လည်း သတ်သတ်မှတ်မှတ်မရှိပါ။ အိမ်နီးချင်းနိုင်ငံများမှ ပြည်သူများအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့်သတင်းများအပေါ် မှန်ကန်စွာ နားစွင့်၍ လက်ရှိ ပြည်တွင်းပဋိပက္ခများနှင့် ရောထွေးကာ ပုံမှားရိုက် မှားယွင်းစွာရေးသားဖော်ပြနေမှုများအပေါ် လက်သင့်မခံရန် လိုအပ်ပါသည်။

အချုပ်အားဖြင့် **အိမ်နီးချင်းနိုင်ငံများနှင့်** ဆက်စပ်ရာနေရာဒေသများတွင် တရားမဝင် နိုင်ငံခြားသားများကို ဖိတ်ခေါ်၍ တရားမဝင်အလုပ်များကိုခွင့်ပြုကာ မိမိတို့၏ ရပ်တည်ခွင့်ကို တလွဲအသုံးချနေသူများသည် တစ်နည်းတစ်လမ်းအားဖြင့် နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်သူများသာဖြစ်ပါသည်။ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးကို မတည်မငြိမ်ဖြစ်စေပြီး နယ်မြေတည်တံ့မှုအပေါ် စိန်ခေါ်မှုတစ်ခုအဖြစ် မှတ်ယူရပါမည်။ ဒေသခံများနှင့် လာရောက်အလုပ်လုပ်ကြသော လူငယ်တို့၏ လူမှုစီးပွားဘဝများ၊ ကိုယ်ကျင့်သိက္ခာများ၊ ယဉ်ကျေးမှုများ ဆုတ်ယုတ်ပျက်စီးစေသည်ကို သတိပြုကြရမည်ဖြစ်ပါသည်။

ယနေ့လူငယ်များအနေဖြင့် ပကတိအခြေအနေမှန်များကို နားလည်အောင်လေ့လာပြီး မိမိဘဝရပ်တည်ရေးကို အဖျက်ဆီးမခံ ရိုးဖြောင့်မှန်ကန်စွာ သမ္မာအာဇီဝကျကျဖြင့် ကြိုးစားရှန်းကန်ကြရပါမည်။ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး သတင်းအချက်အလက်များကို မျှဝေကြရပါမည်။ သက်ဆိုင်ရာနိုင်ငံများနှင့်ပူးပေါင်း၍ လုံခြုံရေးကိစ္စများတိုးမြှင့်ဆောင်ရွက်ကာ ရလဒ်ကောင်းများရရှိသည်အထိ ဆက်သွယ်ရေးလိမ်လည်မှုများကို ဆက်လက်တိုက်ဖျက်ပြီး တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်သွားကြမည်သာဖြစ်ပါသည်။ ။

# ပုသိမ်မြို့၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆုရရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Clip ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ အမှုဆောင်ညွှန်ကြားရေးမှူး၏ Memorial Video နှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုများကို ပြသကြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကာ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာ ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး/ခရိုင် စိုက်ပျိုးရေးဦးစီးမှူးများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းပြပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများနှင့်အတူ တောင်သူ ဒေါ်နှင်းဦး၏ ရွှေတောင်-၁၀ ချည်မျှင်ရှည် သုံးဧက စိုက်ခင်းအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရွှေ့လျားဆိုလာရေဖျန်းစက်ဖြင့် စိုက်ခင်းအတွင်း ရေဖျန်းနေမှုကို ကြည့်ရှုအားပေးပြီး စားဖိုဆောင်သီးနှံ မိုးငရုတ်စိုက်ခင်း သာမိ-၁၁ သုံးဧကအတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်နေမှုတို့ကို ကြည့်ရှုအားပေးကာ ဒေသခံ တောင်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ Taw Win Myanmar Sanyu Co.,Ltd အဆင့်မြင့်ဝက်မွေးမြူရေးခြံသို့ ရောက်ရှိရာ ခြံတာဝန်ခံနှင့် တာဝန်ရှိသူများက ဝက်များမွေးမြူထားရှိမှု အခြေအနေများနှင့် မွေးမြူရေးရုံ ၁၂ ရုံ၊ တစ်ရုံလျှင် ဝက်ကောင်ရေ ၆၀၀ စုစုပေါင်းကောင်ရေ ၇၂၀၀ ကို Evaporated စနစ်ဖြင့် မွေးမြူထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ခြံအတွင်းမွေးမြူထားသော CP အမျိုးစား ဝက်များမွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖

# မြန်မာ့အက

**ကိုယ့်ရိုးရာ မြန်မာစစ်**
**သုံးဆစ်ချိုး ကနုတ်ဆန်**
**ခါးကော့ဟန် ရင်ချီကြွ**
**ဒူးကကွေးပြန်၊**
**ကြော့ကြော့မော့ ကဗျာဆန်**
**ကိုယ်ဟန်က ပေါ့ပါး**
**ဝန်းဝိုင်းသဏ္ဌာန် စံမူထား**
**"ခက်" "လက်" "တက်" "ညွန့်" လှုပ်ရှား**
**"ခေါင်း" "လက်" "ခြေ" "ခါး"။**
**လေးထောင့်နှင့် မျဉ်းဖြောင့်**
**ခပ်ထောင့်ထောင့် ပုံပမာ**
**အနောက်ရှာ အတုခိုး**
**ရှက်နိုးဖွယ်ရာ၊ ကာလသားကြိုက်မှုရာ**
**မလွှဲသာ ခပ်ကျဲကျဲ**
**တို့မြန်မာ တစ်မူကွဲ**
**အနောက်ဟန် မတူဘဲ**
**သိမ်မွေ့ နက်နဲ။**
**ဖျတ်လတ်ကာ မြူးမြူးကြွ**
**ငြိမ့်ညောင်းလှ ပန်တျာဟန်**
**စည်းဝါးမှန် ဟန်မပျက်**
**သွက်လက်မြန်ဆန်၊**
**သုခုမ မြန်မာ့မူမှန်**
**ဆန့်ကျင်ဟန် မလိုလား**
**ပြေးလွှားကာ မဟားတရား**
**ပျာလောင်ခတ်လှုပ်ရှား**
**ဆတ်ကော့လတ်ကော့ "တင်" "ခါး"**
**ဣန္ဒြေမထိပါးဖို့**
**ချင့်တွက်ရှောင်ရှား။**

(မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးတန်ဖိုးထားသော အကအနုပညာရှင်များကို ကြိုဆိုဂုဏ်ပြုလျက်)

**ကျော်စောဟန်**

# ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြထားသော တံတားဦးမြို့နယ်၌ ချည်မျှင်ရှည်ဝါ အထူးအထွက်တိုးဇုန် စံပြကွက် ဧက ၅၀ တောင်သူနည်းပညာပေး ကွင်းသရုပ်ပြ သတင်းကော်လံ ၁ ဒုတိယပိုဒ်ပါ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းကြည် **အစား** မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမင်းကြည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**



ခနောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ခနောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၄) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး နေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဦး ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့မိသားစုဝင်များက ဈေးတန်းရပ်ကွက်ရှိ မြို့ဦးမင်္ဂလာကျောင်းကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ထိုင်းနိုင်ငံ အတိုက်အခံပါတီတစ်ခုဖြစ်သည့် ရှေ့သို့လှမ်းချီပါတီ ခေါင်းဆောင် ပီတာလင်ဂျာရိုရတ် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်




**ဗန်ကောက် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံ၏ အတိုက်အခံပါတီတစ်ခုဖြစ်သည့် ရှေ့သို့လှမ်းချီပါတီ ခေါင်းဆောင် ပီတာလင်ဂျာရိုရတ်သည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ရှေ့သို့လှမ်းချီပါတီသည် မေလအတွင်းက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပီတာလင်ဂျာရိုရတ်ကို နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ဝင်ရောက်ရွေးချယ်ရန် ပယ်ချခဲ့သည်။ ထို့ပြင် ၎င်း၏ပါတီကိုလည်း ညွန့်ပေါင်းအစိုးရမှ ဖယ်ထုတ်ခဲ့သည်။

ပီတာသည် ပါတီခေါင်းဆောင်ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်တွင် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

လွှတ်တော်အမတ်အဖြစ် တာဝန်မှ ရပ်ဆိုင်းထားခြင်းကြောင့် ပါတီ၏ခေါင်းဆောင်အဖြစ်ဆက်လက်ထမ်းဆောင်နိုင်ခြင်းမရှိကြောင်း ပီတာက ပြောသည်။ လွှတ်တော်အမတ်အဖြစ် တာဝန်မှယာယီဆိုင်းငံ့ခြင်းကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ချမှတ်ခဲ့သည်။

ပီတာ လင်ဂျာရိုရတ်သည်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများကို မီဒီယာရှယ်ယာများ ပိုင်ဆိုင်ခြင်းမှ တားမြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသူဖြစ်သည်။ ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း ရှေ့သို့လှမ်းချီပါတီဝင်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပီတာက ဆိုသည်။

ပီတာသည် မေလ ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် ရှေ့သို့လှမ်းချီပါတီကို ဦးဆောင်ခဲ့သည်။ သို့သော် ပါလီမန်တွင် ကွန်ဆာဗေးတစ်များက ဝန်ကြီးချုပ်ဖြစ်လာရန် ပီတာအား နှစ်ကြိမ်တိုင်တိုင် တားမြစ်ခဲ့သည်။

ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံးပါတီဖြစ်သည့် ဖေ့ထိုင်းပါတီသည် ရှေ့သို့လှမ်းချီပါတီကို ညွန့်ပေါင်းအဖွဲ့မှဖယ်ထုတ်ခဲ့ပြီး တပ်မတော်လိုလားသော ပါတီများနှင့်ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၏ ဩဂုတ်လအတွင်း မော်တော်ယာဉ်ရောင်းချမှု ၁၃ ရာခိုင်နှုန်းမြင့်တက်



**ကွာလာလမ်ပူ စက်တင်ဘာ ၁၆**

မလေးရှားနိုင်ငံ၏ ဩဂုတ်လအတွင်း မော်တော်ယာဉ်ရောင်းချမှုသည် အစီးရေ ၇၁၇၄၅ စီး ရှိခဲ့ခြင်းကြောင့် ဇူလိုင်လအတွင်း မော်တော်ယာဉ် ရောင်းချရမှုနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း မလေးရှားနိုင်ငံ မော်တော်ယာဉ်အသင်းက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံသည် ဇူလိုင်လအတွင်းက ကားအစီးရေ ၆၃၆၇၆ စီး ရောင်းချခဲ့ရခြင်းဖြစ်ပြီး ယင်းသို့ ရောင်းချနိုင်ခဲ့ခြင်းသည် ယခုနှစ်အတွင်း မလေးရှားနိုင်ငံအနေဖြင့် ကားအစီးရေ ၇၀၀၀၀ နီးပါးအထိ ရောင်းချနိုင်ခဲ့သည့် ဒုတိယမြောက်လဖြစ်ကြောင်း သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံသည် ဩဂုတ်လအတွင်းက ကားအစီးရေ ၆၇၉၁၂ စီး ထုတ်လုပ်နိုင်ခဲ့ပြီး ဇူလိုင်လအတွင်းက ကားအစီးရေ ၆၆၈၆၂ စီး ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ မော်တော်ယာဉ်အသင်းသည် ယခုစက်တင်ဘာလတွင်လည်း ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ရောင်းချနိုင်ခဲ့သည့် မော်တော်ယာဉ် အရေအတွက်ကို လိုက်မီရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် –အလင်းသစ်**

# ရေဘေးသင့် လစ်ဗျားနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ကုလသမဂ္ဂကတိုက်တွန်း

**ထရီပိုလီ စက်တင်ဘာ ၁၆**

ရေဘေးသင့် လစ်ဗျားနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ကုလသမဂ္ဂက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး မာတင် ဂရီဖစ်က ဂျနီဗာမြို့၌ ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံရှိ ရေကြီးရေလျှံမှုသည် တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းပြီး နောက်ဆက်တွဲဆိုးကျိုးများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း ဂရီဖစ်က ဆိုသည်။

ရေဘေးသင့်ဒေသများရှိ ပြည်သူများသည် စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ရင်နေရသည့်အပြင် ရွှံ့နွံများရောထွေးနေပြီး ပျက်စီးနေသော အဆောက်အအုံများတွင် ပိတ်မိနေသည့် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရန် စက်ကိရိယာများ လိုအပ်လျက်ရှိကြောင်း ဂရီဖစ်က ပြောသည်။

ကာလဝမ်းရောဂါ ဖြစ်ပွားမည်ကို စိုးရိမ်သည့်အတွက် ဆေးဘက်ဆိုင်ရာစနစ်ကို ထူထောင်သင့်ကြောင်း ဂရီဖစ်က ဆက်လက်ပြောကြားသည်။

စက်တင်ဘာ ၁၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ နေရာအများအပြားတွင် ရေကြီးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး ပြတ်တောက်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုပမာဏကို အသေးစိတ်မသိရသေးပေ။ ထို့ပြင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

ရေကြီးရေလျှံမှုများကြောင့် ဒါနာမြို့၌ လူပေါင်း ၈၀၀၀ ခန့် သေဆုံးခဲ့ကြောင်း မြို့တော်ဝန်အဒယ်မိုနီရယ် အယ်ဂါသီက အတည်ပြုပြောကြားသည်။ သေဆုံးသူအရေအတွက် ၂၀၀၀၀ ကျော်သွားနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ ဩဂုတ်လကုန်အထိ အရပ်ဘက်အသုံးပြုရန်အတွက် မောင်းသူမဲ့လေယာဉ် ၁ ဒသမ ၁၁ သန်းကျော်ကို တရားဝင်မှတ်ပုံတင်

**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံ၌ ဩဂုတ်လကုန်အထိ အရပ်ဘက်အသုံးပြုရန်အတွက် မောင်းသူမဲ့လေယာဉ် (UAV) ၁ ဒသမ ၁၁ သန်းကျော်ကို တရားဝင်မှတ်ပုံတင်ခဲ့ကြောင်း သိရသည်။

အဆိုပါမှတ်ပုံတင်သွင်းသည့် မောင်းသူမဲ့လေယာဉ်အရေအတွက်သည် ၂၀၂၂ နှစ်ကုန်ကထက် ၁၅ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်းစီမံခန့်ခွဲရေး၏ ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ်လတွင် မောင်းသူမဲ့လေယာဉ်မှူးလိုင်စင် စုစုပေါင်း ၁၈၂၀၀၀ ခန့် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဇန်နဝါရီလမှ ဩဂုတ်လအထိ နိုင်ငံအတွင်း မောင်းသူမဲ့လေယာဉ် ပျံသန်းမှု နာရီပေါင်း ၁၆ ဒသမ ၈ သန်းကျော် ရှိခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်း စီမံခန့်ခွဲ ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးမှုများအတွက် မောင်းသူမဲ့လေယာဉ်များဆိုင်ရာ ပလက်ဖောင်းတစ်ခုကို ပံ့ပိုးပေးရန် ရည်မှန်းထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ထိုင်းအစိုးရက တရုတ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်ပေး

**ဗန်ကောက် စက်တင်ဘာ ၁၆**

ထိုင်းအစိုးရသည် တရုတ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားမှုသည် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်သွားသည့် ခရီးသွားလုပ်ငန်းကို ပြန်လည်ကောင်းမွန်လာစေရန် ကြိုးပမ်းမှုတစ်ခုဖြစ်သည်။

တရုတ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ခရီးသွားများကို စက်တင်ဘာ ၂၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ ဗီဇာကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံအတွင်း ရက်ပေါင်း ၃၀ တိုင် နေထိုင်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသည် ၁၁ သန်းခန့် လာရောက်ခဲ့သည်။ ၎င်းတို့သည် နိုင်ငံ၏ နိုင်ငံခြားဧည့်သည်များ၏ ၃၀ ရာခိုင်နှုန်းနီးပါးဖြစ်သည်။

သို့သော် ယခုနှစ် ဇူလိုင်လတွင် တရုတ်ဧည့်သည် ၁ ဒသမ ၈ သန်းသာ လာရောက်ခဲ့သည်။ အဆိုပါအရေအတွက်သည် နိုင်ငံ၏ နိုင်ငံခြားခရီးသွားများ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။

ဝန်ကြီးချုပ်သစ် သာဗီဆင်က ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ၎င်း၏အဓိက စိုးရိမ်ပူပန်မှုများအနက်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။ ခရီးသွားလုပ်ငန်းအပါအဝင် စီးပွားရေးတိုးတက်မှုကို အထောက်အကူပေးမည့် မူဝါဒများကို ဖန်တီးသွားမည်ဟု ၎င်းက ကတိပြုထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**မော်လမြိုင် စက်တင်ဘာ ၁၆**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသော အားဖြင့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေး လှူဒါန်းနေမှု ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှု အားပေးကြသည်။

ထိုသို့ သွေးလှူဒါန်းရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၆၅ ဦးတို့က ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေး လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ က လိုက်လံကြည့်ရှုအားပေးကြပြီး သွေးအလှူရှင်များ အတွက် အာဟာရပြည့် စားသောက်ဖွယ်ရာ များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း၌ (၅၉)နှစ် မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင် ၁၄၂ ဦးဖြင့် သစ်ပင် ချုံနွယ်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအား ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟို ကော်မတီ၊ နိုင်ငံတကာရေးရာ ဌာန၏ ဖိတ်ကြားချက်အရ တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာ ရေးခရီး သွားရောက်ခဲ့သော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ယနေ့ညနေပိုင်း တွင် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**ဆွေးနွေး**

ခရီးစဉ်အတွင်း တရုတ် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှု ပပျောက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင် အထည်ဖော်မှု၊ တိဘက်ကုန်းမြင့် ဒေသရှိ ချင်းဟိုင်ပြည်နယ်အား သန့်ရှင်းသော ဒေသဖြစ်ရန် ဆောင်ရွက်မှု၊ ကာဗွန်လျှော့ချမှု၊ လျှပ်စစ်စွမ်းအင်သစ် တည်ဆောက် မှု၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဆောင်ရွက်မှု၊ ခရီး သွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်မှု၊ တရုတ်ပုံစံ ခေတ်မီမှုဝါဒများ ချမှတ်၍ နိုင်ငံ တစ်ဝန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု လေ့လာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သာယာဝတီမြို့နယ်၌ မျိုးသန့်မျိုးစေ့ထုတ်စံပြကွက် ယခင်နှစ်ထက် ကျော်လွန်စိုက်ပျိုးနိုင်

**သာယာဝတီ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းတိုင်းဒေသကြီး သာယာဝတီမြို့နယ် တောင်သူများအနေ ဖြင့် မျိုးသန့်စပါးများ ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးလာနိုင်ရေးတို့အတွက် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်စပါးများ ဖြန့်ဝေပေးလျက်



ရှိရာ ယခင်နှစ်ထက် မျိုးသန့်စပါးများ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး မျိုးသန့် မျိုးစေ့ထုတ်စံပြကွက် ပေါင်းမြက်ရှင်းလင်းပွဲကို ယမန်နေ့က တောင်သူ ဦးတင်ရွှေ၏ စံပြကွက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စပါးစိုက်ကွင်းအတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများပူးပေါင်း၍ ပေါင်းမြက်ရှင်းလင်း ခြင်းကို ဆောင်ရွက်ခဲ့ကြရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုက ကြည့်ရှုအားပေးခဲ့သည်။

သာယာဝတီမြို့နယ်တွင် မျိုးသန့်မျိုးစေ့ထုတ်စံပြကွက်အနေဖြင့် ယခင်နှစ်ကထက် ယခုနှစ်တွင် စုစုပေါင်း ၁၀၃၆၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ မျိုးသန့်စပါးစိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် တစ်ဧက လျှင် တင်း ၁၀၀ နှင့်အထက် ထွက်ရှိနိုင်သည့်အတွက် တောင်သူများ အနေဖြင့် မျိုးသန့်စပါးများကို ပိုမိုစိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ယခုလက်ရှိ မျိုးသန့်စပါးစိုက်ပျိုးနေကြသည့် တောင်သူများကလည်း ကျန်စိုက်ပျိုးတောင်သူများအတွက် မျိုးသန့်စပါးများကို ဖြန့်ဝေပေး နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် သာယာဝတီ မြို့နယ်တွင် မျိုးသန့်စပါးအနေဖြင့် ဆင်းသုခ ရတနာတိုး၊ ကရင်မ ထိပ်ဆောင်း၊ ရက်(၉၀)၊ မနောသုခနှင့်အခြားမျိုးများ စသည့် စပါးမျိုး များကို စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။

ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဆန်းဝင်းတို့ဦးစီး၍ တိုင်းရဲတပ်ဖွဲ့ မှူးရုံး၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့နှင့် လက်ရုံးတပ်ဖွဲ့များပါဝင်သော တပ်ဖွဲ့ဝင် များက စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၈)ရပ်ကွက် တဂေါင်းဘုရားလမ်းရှိ တဂေါင်းမင်္ဂလာ စေတီတော်ပရိဝုဏ်ဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် စဉ်။

ပုသိမ်-လှကြည်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်နိုင်ဦး ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစု ဝင်များက စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီတွင် ဆုတောင်း ပြည့်စုံကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးနှင့် ငြိမ်းချမ်းလာဘ်ရွှင် အဘယလာဘမုနိအောင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

၂၀၇



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်၊ စခန်းမှူး ဒုတိယရဲမှူး ခင်ရွှေ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့မိသားစုဝင် များက စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီတွင် လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံကြီးပုရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် စဉ်။

ခရိုင်(ပြန်/ဆက်)

**❐ မြစ်ရေကြီးမှုမှ**

ယနေ့မွန်းလွဲ ၁နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက် အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီး နှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြ ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပဲခူး၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ




**ပဲခူး စက်တင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုအဆင့်တွင် ဆုရရှိခဲ့သည့် ကြက်ခြေနီ မောင်/မယ်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ကြက်ခြေနီ မောင်/မယ်များက မတော်တဆထိခိုက်မှု ရှေးဦးပြုစုခြင်း သဏ္ဌာန်တူ သရုပ်ပြသခဲ့ကြပြီး ကြက်ခြေနီသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုခြင်းဖိုရမ်သို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုခြင်းဖိုရမ်တွင် အမှာစကားပြောကြားရာ၌ နိုင်ငံ့ ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပြည်သူ့လူမှုစီးပွားဘဝမြင့်မားရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSMEs ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရန်ရှိကြောင်း၊ သို့ဖြစ်ရာ ယင်းလုပ်ငန်းများတိုးတက်ရန် ပံ့ပိုးပေးမည့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုမှုဆိုင်ရာ သုတေသနများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေ၌ အရည်အသွေးမြင့်မားသည့် ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် မျှော်မှန်းထားလျက်ရှိရာ ဖိုရမ်ဆောင်ပုဒ်ဖြစ်သည့် "Atoms for Better Home"နှင့် ကိုက်ညီထင်ဟပ်နေကြောင်း၊ နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုရေး၊ ဘေးကင်းစေရေး အစီအမံများနှင့် ထိန်းချုပ်စောင့်ကြပ်ရေးအဆင့်မြှင့်တင်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ခိုင်မာသော ကတိကဝတ်များကို ထပ်မံအတည်ပြုခဲ့ပြီးဖြစ်ကာ အာဆီယံ အဏုမြူစွမ်းအင်ကြပ်မတ်ရေးဌာနများကွန်ရက် (ASEANTOM)အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ASEANTOM-IAEA၏ နျူကလီးယားလုံခြုံရေးနှင့် ဓာတ်ရောင်ခြည်အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများဆိုင်ရာ စီမံကိန်းတွင်လည်း ပါဝင်ဆောင်ရွက်နေကြောင်း၊ IAEA ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် နျူကလီးယားသိပ္ပံနှင့် နည်းပညာအသုံးချရေးများအပြင် စွမ်းရည်မြှင့်တင်ရေးများဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တရုတ်အဏုမြူစွမ်းအင်အေဂျင်စီ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တရုတ်အမျိုးသားနျူကလီးယားကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခဲ့ပြီး စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ မြှင့်တင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် နျူကလီးယားနည်းပညာကို အသုံးချခြင်းအပြင် သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခန္တီးမြို့နယ်၌ လက်ဖက်စိုက်ပျိုးထုတ်လုပ်တောင်သူများနှင့် လက်ဖက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး



**ခန္တီး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် လက်ဖက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌဗိုလ်မှူးသက်ဖြိုးကိုက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုတောင်သူများနှင့် လက်ဖက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက လက်ဖက်စိုက်ခင်းများရေရှည်တည်တံ့စေရန် စနစ်တကျကိုင်းဖြတ်ပြုပြင် ထိန်းသိမ်းရေး၊ လက်ဖက်တိုးချဲ့ စိုက်ပျိုးလာစေရန်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်လာစေရေး၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ရီရီမြင့်က ထွက်ရှိလာသော လက်ဖက်ရွက်စိမ်းများကို MSME လုပ်ငန်းအနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေး၊ လက်ဖက်စိုက်တောင်သူများမှ GAP အသိအမှတ်ပြု လက်မှတ်ရရှိရေးစသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးရာ တက်ရောက်လာကြသော လက်ဖက်စိုက် တောင်သူများ၊ လက်ဖက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ အပြန်အလှန် ဆွေးနွေးကြသည်။

**အေးခိုင်(ပြန်/ဆက်)**



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်ဆွေနှင့် တပ်ဖွဲ့ဝင် ၄၀ နှင့် အမှတ်(၅၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ် အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း/ အပြင် မြက်များရှင်းလင်းခြင်း၊သွေးလွန်တုပ်ကွေးခြင်များခိုအောင်းနိုင် သောချုံနွယ်နှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။

ဆွေနွယ်(ပြန်/ဆက်)

# ဇလွန်မြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာနှင့် ပိုက်ဆံလျှော်မျိုးစေ့ထုတ် စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် စီမံကိန်းတာဝန် ပေးအပ်

**ဇလွန် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ နှင့် ပိုက်ဆံလျှော် မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇလွန်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက ဆီထွက်သီးနှံဆောင်းနေကြာနှင့် ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား စီမံကိန်းတာဝန် ပေးအပ်ခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ အတွင်းရေးမှူး ဦးနိုင်ကျော်စိုးက ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးခြင်းနည်းစနစ်နှင့် နေကြာမျိုးစေ့ရရှိရေးဆောင်ရွက်ထားမှု အခြေအနေများကို ပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံဆောင်းနေကြာနှင့် ပိုက်ဆံလျှော်မျိုးစေ့ထုတ် စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် စီမံကိန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက ပဲခူးကျောင်းတိုက်အတွင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမျိုးထွန်းဦးစီးသော တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မီးမီး(လှိုင်)

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# နေပြည်တော်အတွင်း MSME လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အဂ္ဂဝေဟာနတ်ဝှက်သစ်ပင် (သို့မဟုတ်) ကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်း

တွေ့ဆုံမေးမြန်း–ရွှေပင်လယ်
ဓာတ်ပုံ– မျိုးသီဟ(ပျဉ်းမနား)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဦးတည်ချက်တွင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးဆိုသည့် ဦးတည်ချက်ကို ချမှတ်ပြီး တွန်းအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီးပွားရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ရှိနေသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ဖြည့်ဆည်းမှုများ၊ ဖြေရှင်းပေးမှုများ ပြုလုပ်ပေးခဲ့သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားအောင် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ဒေသအလိုက် ထွက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတကုန်ကြမ်းများကို အခြေခံကာ အရည်အသွေးကောင်းမွန်သည့် ကုန်ချောအမည်(အမယ်)အမျိုးမျိုး ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံ၏အချက်အချာကျသည့်နေရာတွင် တည်ရှိကာ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အဘက်ဘက်မှ ကောင်းမွန်သည်။ ရေ၊ မြေ၊ သယံဇာတများနှင့်ပြည့်စုံသကဲ့သို့ ၎င်းထွက်ကုန်များကို အခြေခံပြီး ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန်အတွက်လည်း လိုအပ်ချက်များပြည့်စုံလျက်ရှိသည်။ ပြည်တွင်းကုန်ထုတ်လုပ်ခြင်းကို မြှင့်တင်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ အားမာန်၊ ဖွဲ့လုံ့လ၊ ဆန်းသစ်တီထွင်သော စိတ်ကူးအကြံဉာဏ်၊ ခွန်အားများကို အရင်းတည်ကာ ဆောင်ရွက်လျက်ရှိသည့် ဥတ္တရသီရိမြို့နယ် ဝက်စုကျေးရွာ၌ အဂ္ဂဝေဟာကျွန်းနက် မြန်မာမှုပန်းပုလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင် ဦးကျော်ကျော်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်။



**မေး။ ။ ဘယ်လိုသစ်အမျိုးအစားကို ကျွန်းနက်လို့ သတ်မှတ်ခေါ်ဆိုပါသလဲ။**

**ဖြေ။** ။ ကျွန်းနက်ဆိုတာက အကြောင်းအမျိုးမျိုးကြောင့် ရေကြောင်းတွေမှာ မျှောချတဲ့ ကျွန်းပင်က ကျွန်းတုံးတွေက ချောင်းကွေ့တွေ၊ ရေစီးအားနည်းသွားတဲ့အခါမှာ ရေအောက်ထဲကို ရောက်သွားပါတယ်။ ရေအောက်ထဲမှာ သဲနဲ့ နုန်းခတ်ပေါင်းပြီးတော့မှ ကျွန်းတုံးတွေကနေ ကျွန်းနက်ဖြစ်ပါတယ်။ ချောင်း၊ မြစ်ကမ်းပါးဘေးမှာ ပေါက်နေတဲ့ ကျွန်းပင်တွေက ရေစီးအားကြောင့် အမြစ်တွေ ပြိုလဲပြီးတော့မှ ရေအောက်ထဲကို ရောက်သွားတယ်။ ရေအောက်ထဲမှာ နှစ်ကာလကြာမြင့်တဲ့အခါ ကျွန်းသစ်သားဟာ အဝါသားတွေကနေမှ လုံးဝနက်သွားပါတယ်။ နှစ်ပေါင်း ၁၀၀ ကျော်မှ ကျွန်းနက်ဖြစ်ပါတယ်။ ကျွန်းနက်ရဲ့ အောက်မှာ အလယ်သားမှာ အနီပါတာတွေ ရှိပါတယ်။ အရောင်တွေမတူပါဘူး။ အနီရှိတယ်၊ အဝါရှိတယ်၊ ဘေးနားမှာတော့ နက်နေလိမ့်မယ်။ ကျွန်းနက်ရဲ့အသားကို ဖြတ်လိုက်ပြီး လွှစာမှုန့်ကို မီးရှို့လိုက်ရင် ရှို့လိုက်တဲ့ ကျွန်းနက်ရဲ့ပြာက ရွှေရောင်လေးတွေထွက်တယ်။ အဲဒီပြာကို သံလိုက်နဲ့ကပ်ရင် သံလိုက်ကပ်ပါမှသာ ကျွန်းနက်လို့ ခေါ်ပါတယ်။ ကျွန်းနက်လို့ သတ်မှတ်တဲ့စံနှုန်းဖြစ်ပါတယ်။ ကျွန်းနက်ဆိုတာက ကျွန်းသားက နက်မှသာ ကျွန်းနက်လို့ ခေါ်တာဖြစ်ပါတယ်။ ကျွန်းပင်တစ်ခုတည်း နက်တာမဟုတ်ပါဘူး။ ပျဉ်းကတိုးလည်း နက်ပါတယ်။ ကုက္ကိုလည်း နက်ပါတယ်။ အင်ကြင်းလည်း နက်ပါတယ်။ ပိတောက်လည်း နက်ပါတယ်။ ရေအောက်ထဲမှာ ရောက်သွားရင် နှစ်ပေါင်းကြာရှည်စွာ ရောက်သွားတဲ့အပင်တော်တော်များများက သဘာဝရဲ့ မြေဆီလွှာတွေရယ်၊ ရေဓာတ်ရယ်၊ လေဓာတ်ရယ် ပေါင်းသွားရင် အသားတွေက နက်သွားတာဖြစ်ပါတယ်။ အဲဒီလိုနက်သွားတဲ့ သစ်တွေထဲမှာမှ ကျွန်းနက်ဆိုတာက မီးရှို့လိုက်လို့ ပြာက ရွှေရောင်ဖြစ်ရမယ်၊ သံလိုက်ဓာတ်ရှိရမယ်၊ ကျွန်းသားမှန်ရမယ်၊ ဒါမှ ကျွန်းနက်ဖြစ်ပါတယ်။ ကျန်တဲ့အနက်တွေ တော်တော်များများက ရွှေရောင်မဖြစ်ပါဘူး။ မီးရှို့လိုက်ရင် ရိုးရိုးပြာအတိုင်းပဲဖြစ်ပါတယ်။ ပျဉ်းကတိုးနက်ကလည်း ပြာချရင် ၉၀ ရာခိုင်နှုန်းလောက်က ကျွန်းနက်လိုမျိုးပဲ ရွှေရောင်ဖြစ်ပါတယ်။ ကျွန်းနက်နဲ့ ပျဉ်းကတိုးနက်ကို သိဖို့ဆိုရင် သစ်အမျိုးအစားကို သိမှ ကျွန်းနက်လို့ သိနိုင်မှာဖြစ်ပါတယ်။ ကျွန်းနက်ကျောက်လည်း ရှိပါတယ်။ ကျွန်းနက်က နှစ်ပေါင်း ၁၀၀ ကျော်ရင် ကျွန်းနက်ကျောက်က နှစ်ပေါင်း ထောင်သောင်းချီရှိပါတယ်။ ကျွန်းနက်ကျောက်ကို ရခိုင်ရိုးမဘက်က ရပါတယ်။ ကျွန်တော့်ဆီမှာရှိတဲ့ ကျွန်းနက်ကျောက်ဆိုရင် မှန်ကန်ကြောင်း ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးဖြစ်ပါတယ်။





**မေး။ ။ ကျွန်းနက်နဲ့ ပန်းပုလုပ်တဲ့နေရာမှာ ကုန်ကြမ်းကို ဘယ်ဒေသတွေကနေရရှိပါသလဲ။**

**ဖြေ။** ။ နေပြည်တော်ပတ်ဝန်းကျင်မှာ တော်တော်များများထွက်ပါတယ်။ သစ်ထုတ်တဲ့နေရာတွေမှာ ပေါပါတယ်။ ကျွန်းနက်က ရေအောက်ထဲကို အကြောင်းအမျိုးမျိုးကြောင့် ရောက်သွားပြီးတော့ ကျွန်းနက်ဖြစ်တာဖြစ်တဲ့အတွက် အများဆုံးထွက်တဲ့ဒေသကတော့ ကျွန်းပင်များများပေါက်ပြီးတော့ ရှေးယခင်ခေတ်တွေက ရေစီးကြောင်းရှိတဲ့နေရာ၊ မြစ်တွေ၊ ချောင်းတွေရှိတဲ့နေရာတွေရဲ့ အောက်မှာ ရှိတာများပါတယ်။ ပဲခူးရိုးမက သစ်ထွက်တယ်။ ချောင်းဟောင်း၊ မြောင်းဟောင်းတွေကနေ ကျွန်းနက်တွေရရှိပါတယ်။ ကျွန်းနက်ကို တောင်သူတွေကနေတစ်ဆင့် ရရှိတာပါ။ ချောင်းတွေထဲ သဲမှုတ်စက်မှုတ်တယ်၊ အဲဒီသဲမှုတ်စက်အောက်ကနေ ကျွန်းတုံးတွေ ပေါ်လာတယ်။ အဲဒီကနေ ကျွန်းနက်ဖြစ်တာပါ။ မြစ်ချောင်းတွေက သစ်တုံးတွေ ဆယ်ရင်းနဲ့ပဲ လာရောင်းတဲ့သူဆီက ကျွန်းနက်သစ်ကို ရရှိတာပါ။ ကျွန်းဆိုတာ နတ်ဝှက်တဲ့ကျွန်းနက်ဖြစ်ပါတယ်။ နတ်ဝှက်ထားတာဖြစ်တဲ့အတွက် ထိုက်တဲ့သူပဲရတာပါ။ ဒီသစ်တုံးတွေကို ရဖို့ဆိုတာ တော်တော်ကြီးကို ခက်ပါတယ်။ နှစ်ပေါင်းရာချီပြီးမှပေါ်တဲ့ ကျွန်းသားတွေဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ကျွန်းနက်ကို ရှာဖွေပြီး လုပ်ကိုင်စားသောက်နေတဲ့ တောင်သူတွေ ရှိပါတယ်။ ကျွန်းသစ်တွေက မြစ်တွေ၊ ချောင်းတွေမှာ နှစ်ကြာလာတော့ သဲတွေဖုံးသွားပါတယ်။ အဲဒီသဲတွေ ဖုံးသွားတဲ့ဆီမှာ တောင်ယာပြန်ယက်ရင်းနဲ့လည်း တွေ့တဲ့သူတွေရှိတယ်။ ရေကန်တွေတူးရင်းနဲ့လည်း အဲဒီအောက်မှာ တွေ့တာရှိတယ်။ ချောင်း၊ မြောင်းတွေနဲ့ နီးတဲ့နေရာတွေမှာ အများဆုံးတွေ့ရှိကြပါတယ်။

**မေး။ ။ ကျွန်းနက်တွေကို နယ်တွေမှာ သွားပြီးဝယ်ရတာလား၊ ဘယ်လိုဝယ်ရတာလဲ။**

**ဖြေ။** ။ နေပြည်တော် တောင်ညိုဘက် ပတ်ဝန်းကျင်မှာချောင်းတွေရှိပါတယ်။ ချောင်းတွေက နှစ် ၁၀၀ ဝန်းကျင်ရှိတဲ့ ချောင်းတွေရှိတယ်။ လာရောင်းတဲ့သူတွေရှိသလို လိုချင်တဲ့ သစ်အရွယ်အစားရအောင် ကိုယ်တိုင်လည်းလိုက်ရှာရတာရှိပါတယ်။ တန်ရာတန်ကြေး ပေးဝယ်ရပါတယ်။ တစ်ဆင့်ခံဝယ်ရရင် ဈေးကြီးပါတယ်။

**မေး။ ။ အဂ္ဂဝေဟာကျွန်းနက်ပန်းပုလုပ်ငန်းကနေ ကုန်ချောပစ္စည်းအမျိုးအစား ဘယ်နှမျိုးလောက် ထုတ်လုပ်နေလဲဆိုတာလည်း ပြောပြပေးပါ။**

**ဖြေ။** ။ ဗုဒ္ဓရုပ်ပွားတော် မုဒြာ ၁၈ မျိုးရှိပါတယ်။ ငါးရုပ်၊ ဂဠုန်ရုပ်၊ နဂါး၊ ဇာမနီဠက်၊ ရှင်သီဝလိရုပ်ပွားတော်၊ နဂါးတောင်ဝှေး၊ သန်လျက်၊ လောင်းလှေ၊ ပုတီး၊ အမျိုးသမီးဆံထိုး စသဖြင့် လုပ်ပါတယ်။ ကျွန်းနက်ဆိုတာမျိုးက သိဒ္ဓိတင်ပြီးသား နဝင်းကိုက်ပြီးသားပစ္စည်းဖြစ်ပါတယ်။ ကျွန်းနက်ဆိုတဲ့သဘာဝကိုက ကျွန်းဆိုတာက နှစ်ဂဏန်း၊ နက်က စနေနံ ခုနစ်ဂဏန်း၊ နှစ်နဲ့ ခုနစ်နဲ့ ပေါင်းရင် ကိုးရပါတယ်။ ကိုးနဝင်းကိုက်ပြီးသား ဖြစ်ပါတယ်။ အန္တရာယ်ကင်းတဲ့ပစ္စည်းဖြစ်တဲ့အတွက် ဆောင်ထားသင့်တဲ့ပစ္စည်းဖြစ်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေကို ၇ နဲ့စားပြီး ပြတ်တဲ့ဂဏန်းတွေကို ထုလုပ်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖြစ်သလို လက်မထုလို့မရပါဘူး၊ ခုနစ်လက်မ၊ ကိုးလက်မ၊ ၁၁ လက်မ၊ ၁၄ လက်မ၊ ၁၈ လက်မ၊ ၂၁ လက်မ၊ ၃၆ လက်မ ထုပါတယ်။

**မေး။ ။ အဂ္ဂဝေဟာမြန်မာမှုပန်းပုလုပ်ငန်းအနေနဲ့ အဓိကထုတ်ကုန်က ဘာကိုအဓိက ထုတ်လုပ်ပါသလဲ။**

**ဖြေ။** ။ ကျွန်းနက် ဗုဒ္ဓရုပ်ပွားတော် ပန်းပုထုလုပ်တာက ၉၀ ရာခိုင်နှုန်း ထုလုပ်ပါတယ်။ တခြားပစ္စည်းက တစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ ပါပါတယ်။

**မေး။ ။ ကျွန်းနက်ပန်းပုလုပ်ငန်းကနေ MSME လုပ်ငန်းအဖြစ် ဆောင်ရွက်နေပုံကိုလည်း သိပါရစေ။**

**ဖြေ။** ။ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ ဒီကျွန်းနက်ပန်းပုလုပ်ငန်းကို စတင်လုပ်ခဲ့တာပါ။ ဒီလုပ်ငန်းကို မလုပ်ခင် ကျွန်တော်က ကျွန်းနက်ပုတီးကို Online ပေါ်က ငွေကျပ် ၁၅၀၀၀၀ နဲ့ ဝယ်ပြီး စိပ်ပါတယ်။ ဒီလိုပုတီးစိပ်ရင်း၊ မြို့ပေါင်း ၆၀ ကျော်ကို ပန်းပေါင်းစုံဘုရားလှူရင်းနဲ့ နေပြည်တော်ပတ်ဝန်းကျင်မှာ ကျွန်းနက်ကလည်း ထွက်တော့ ဒီကျွန်းနက်ပန်းပုလုပ်ငန်းကို စတင်လုပ်ကိုင်ဖို့ ဖြစ်လာတာပါ။ တခြားပန်းပုရုံတွေမှာ ဆင်းတုတော်ထုခိုင်းပြီး ပူဇော်တယ်။ တခြားပူဇော်ချင်သူတွေကို ပေးပါတယ်။ အဲဒီလိုလုပ်ရင်းနဲ့ အောင်မြင်လာတာဖြစ်ပါတယ်။ **စာမျက်နှာ ၁၇ သို့** ✻





✻ စာမျက်နှာ ၁၆ မှ

၂၀၂၁ ခုနှစ် ဒီဇင်ဘာလလောက်မှာ ကျွန်းနက်ပန်းပု အလုပ်ရုံထောင်ဖို့ ဖြစ်လာခဲ့တာပါ။ လုပ်ငန်းစတင်ချိန်က အလုပ်သမားလေးယောက်နဲ့ စလုပ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဩဂုတ်လမှာ စီးပွားရေးအသေးစား လုပ်ငန်းအဖြစ် လုပ်ငန်းလိုင်စင်နဲ့ လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေက လူတွေကို ပန်းပုအချောသမားအဖြစ်နဲ့ ပန်းပုပညာလည်း သင်ပေးနေပါတယ်။ လက်ရှိ လူ ၁၄ ယောက်အင်အားနဲ့ ဆောင်ရွက်နေပါတယ်။ ပျမ်းမျှအားဖြင့် တစ်ရက်ကို ဆင်းတုတော်တစ်ဆူ၊ တစ်ဆူခွဲလောက် အချောထည်ထွက်ပါတယ်။ ညဆိုင်းတွေပါဆင်းရင် ပိုထွက်ပါတယ်။ ရွာကလူတွေ မြန်မာမှုလုပ်ငန်းကို စိတ်ပါဝင်စားလာအောင် ပညာသင်ရင်းနဲ့ လုပ်အားခပေးပါတယ်။ ဒီရွာနားမှာ အုတ်ဖုတ်လုပ်ငန်းလောက်ပဲ ရှိပါတယ်။ ကျွန်တော့်ဆီမှာ အလုပ်တောင်းရင် ခေါ်ပြီးတော့ လုပ်ပေးနိုင်တဲ့အတိုင်းအတာအထိ လုပ်ပေးပါတယ်။ အနည်းဆုံး လုပ်အားခက ငွေကျပ် ၈၀၀၀၊ ၉၀၀၀၊ ၁၀၀၀၀၊ ၁၂၀၀၀ ရှိပါတယ်။ တကယ်အလုပ်တွင်လာရင် ငွေကျပ် ၁၅၀၀၀ အထိပေးပါတယ်။ ပညာရှင်ကတော့ ပညာရှင်နှုန်းထားအတိုင်း ပေးပါတယ်။ ဒီလိုလုပ်ရင်းနဲ့အောင်မြင်ခဲ့တာပါ။ ကျွန်တော်တို့ရွာက လူတွေကို ပန်းပုပညာနဲ့ လုပ်ကိုင်စားသောက်လို့ရအောင် အလုပ်အကိုင်အခွင့်အလမ်းတွေ စီစဉ်ပေးနိုင်ခဲ့ပါပြီ။ ပြည်တွင်းထုတ်ကုန်အဖြစ်နဲ့ ပြည်ပကို တင်ပို့လို့ရတဲ့အထိ လက်ရာအဆင့်ရှိပါတယ်။

**မေး။ ။ ကျွန်းနက်ပန်းပုထုတ်ကုန်တွေကို ဘယ်ဒေသတွေကို ပို့ပါသလဲ။**

**ဖြေ။** ။ တစ်နိုင်ငံလုံးနီးပါးပို့ပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနား၊ ရခိုင်၊ မူဆယ်၊ တာချီလိတ် စသဖြင့် အများကြီးပို့ပါတယ်။ ပြည်ပဆိုရင် ကျွန်းနက်ဆင်းတုတော်ကို စင်ကာပူအထိ ပို့ပြီးပါပြီ။ ဘုရားတစ်ဆူပင့်သွားတိုင်း ကျွန်တော်တို့အလှူပါအောင် လုပ်ပါတယ်။ ငွေကျပ် ၉၀၀၀၀ တန်တဲ့ဘုရားကို ငွေကျပ် ၇၀၀၀၀ နဲ့ ရောင်းပေးလိုက်ရင် အဲဒီမှာ ငွေကျပ် ၂၀၀၀၀ က ကျွန်တော်တို့အတွက် ကုသိုလ်ပေါ့။ ရောင်းပေးတဲ့ဘုရားပေါင်း သောင်းနဲ့ချီ ရှိသွားပါပြီ။

**မေး။ ။ ပြည်တွင်းထုတ်ကုန်အနေနဲ့ တခြားပြည်ပနိုင်ငံတွေကို ထပ်ပို့ဖို့ အစီအစဉ်ရှိရင်လည်း ပြောပြပေးပါ။**

**ဖြေ။** ။ MSME နဲ့ပတ်သက်ပြီး ပြည်ပနိုင်ငံတွေ တင်ပို့ဖို့အတွက် ကုန်စည်ပြပွဲတွေသွားဖို့လည်း ရှိပါတယ်။ ကျွန်တော်က ဥတ္တရသီရိ MSME ဘဏ္ဍာရေးမှူးလည်းဖြစ်တော့ အသင်းအဖွဲ့အနေနဲ့လည်း ညီညွတ်မှုရှိပါတယ်။ ပြည်တွင်းကုန်စည်ပြပွဲတွေမှာလည်း ပြနေပါတယ်။ ကျွန်တော်တို့ နေပြည်တော် MSME အဖွဲ့အနေနဲ့ နိုင်ငံရပ်ခြားတွေကိုလည်း ပြည်တွင်းထုတ်ကုန်အနေနဲ့ ပြသဖို့ ရှိပါတယ်။ ဘယ်နိုင်ငံရယ်လို့တော့ မဟုတ်ပါဘူး။ MSME အစီအစဉ်နဲ့ပဲ သွားဖို့ရှိပါတယ်။

**မေး။ ။ လက်ရှိနိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြည်တွင်းထုတ်ကုန်တွေကို ဦးစားပေး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် မြန်မာမှုပန်းပုလုပ်ငန်း ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။**

**ဖြေ။** ။ ကျွန်းနက်ပန်းပုလုပ်ငန်းကို ထုတ်ကုန်တစ်ခုအနေနဲ့ လုပ်နေတဲ့လုပ်ငန်းက ရေအောက်ထဲက ရတဲ့ပစ္စည်း၊ မီးရှို့ပစ်ရမယ့်ပစ္စည်း၊ ဆွေးမြည့်သွားမယ့်ပစ္စည်းကို လူတွေရဲ့ ကြည်ညိုဖွယ်ဖြစ်အောင်၊ လူတွေရဲ့ပသာဒဖြစ်အောင် လုပ်ရတာ ဖြစ်ပါတယ်။ သဘာဝစွန့်ပစ်ပစ္စည်းတွေကို အကောင်အထည်ဖော်နေတဲ့လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံခြားဧည့်သည်တွေပါ လာရောက်လေ့လာကြည့်ရှုနိုင်အောင် လုပ်ဖို့ကြိုးစားစီစဉ်နေပါတယ်။ နိုင်ငံခြားဝင်ငွေရရှိအောင်လည်း ကြိုးစားဆောင်ရွက်မှာပါဗျ။

**မေး။ ။ ကျွန်းနက်ထုတ်ကုန်တွေရဲ့ ပစ္စည်းဈေးနှုန်းတွေက ဘယ်လိုရှိပါသလဲ။**

**ဖြေ။** ။ ကျွန်းနက်ဘုရား ခုနစ်လက်မတစ်ဆူကို ငွေကျပ် ၇၀၀၀၀၊ ကိုးလက်မတစ်ဆူကို ကျပ် ၁၁၀၀၀၀၊ ၁၁ လက်မတစ်ဆူကို ငွေကျပ် ၁၈၀၀၀၀၊ ၁၄ လက်မတစ်ဆူကို ကျပ် ၃၆၀၀၀၀၊ ၁၈ လက်မတစ်ဆူကို ကျပ် ၅၄၀၀၀၀၊ နဝင်းကိုက်ရောင်းတာဖြစ်ပါတယ်။ လျှော့လိုက်ရင်လည်း ကျွန်တော်တို့ အဂ္ဂဂေဟာမိသားစုက နဝင်းကိုက်လျှော့တာဖြစ်ပါတယ်။ သုံးပေဘုရားတစ်ဆူကို ကျပ် ၃၆၀၀၀၀၀ ရောင်းပါတယ်။ ကျွန်းနက်မစစ်လို့တော့မဟုတ်ပါဘူး။ ကျွန်တော့်ဆီက အလုပ်သမားတွေ အမြဲတမ်းအလုပ်အကိုင်ရရှိနေစေရမယ်၊ လာဝယ်တဲ့သူအားလုံး စိတ်ချမ်းသာစေရမယ်၊ ကျွန်တော်ကလည်း ကုသိုလ်ရစေရမယ်၊ ပစ္စည်းလည်း များများထွက်မယ်၊ များများရောင်းမယ် နည်းနည်းပဲ အမြတ်ယူပါတယ်။ အလွန်ဆင်းရဲလို့ ပူဇော်ချင်ရင် သုံးလပေးနဲ့ ရောင်းပါတယ်။ အခုဆိုရင် မဟာမြတ်မုနိဘုရားအဆူ ၂၀၀ လာအပ်ထားပါတယ်။ ဒီမုဒြာ ၁၁ လက်မတစ်ဆူကို ငွေကျပ် ၂၇၀၀၀၀ ရောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော် ရောင်းပေးလိုက်တာဟာ ကျွန်းနက်သစ်အသားကော၊ လက်ခပါ ကျပ် ၁၁၀၀၀၀ နဲ့ ရောင်းပေးလိုက်တာဖြစ်ပါတယ်။ ဒီဘုရားအဆူ ၂၀၀ ပူဇော်မယ့်အိမ်ကို ရောက်သွားတာနဲ့ သူ ပေးပေး၊ မပေးပေး ဒီကုသိုလ်ကို ကျွန်တော်ရမှာဖြစ်ပါတယ်။ ကျွန်တော့်မိသားစုအားလုံး၊ ပန်းပုဆရာတွေအားလုံး ကုသိုလ်ရမှာဖြစ်ပါတယ်။ သမ္မာအာဇီဝကျတဲ့လုပ်ငန်းကို လုပ်နေတာဖြစ်ပါတယ်။ ကုသိုလ်ဖြစ် ရောင်းနေတာဖြစ်တဲ့အတွက် တခြားဆိုင်နဲ့တော့ ယှဉ်လို့မရပါဘူး။

**မေး။ ။ အဂ္ဂဂေဟာမိသားစုက ပန်းပုထုလုပ်ပုံနဲ့ ဆေးပိုင်းဆိုင်ရာ အသုံးပြုမှုကိုလည်း ရှင်းပြပေးပါဦး။**

**ဖြေ။** ။ ဗုဒ္ဓရုပ်ပွားတော်တွေကို ၇ နှင့်စားလို့ ပြတ်တဲ့ ဂဏန်း၊ ၇ နဲ့စားရင် စုံကြွင်းတဲ့ဂဏန်းတို့ကို ထုလုပ်ပါတယ်။ ကျန်တဲ့ဂဏန်းတွေက ထုလို့မကောင်းတဲ့ဂဏန်းတွေပါပါတယ်။ တစ်ပေဆိုရင် မကောင်းဘူး၊ ၁၃ လက်မဆို မကောင်းဘူး၊ အချိုးအစားတွေက လူတော်တော်များများ သိကြတဲ့အတိုင်းပဲ ဒူးတစ်ခွင် နှာတစ်ဖျား မဖြစ်အောင်တော့ ဦးစားပေးပြီးတော့ ထုပါတယ်။ ဘုရားတစ်ဆူကြည့်လိုက်တာနဲ့ မျက်နှာတော်က ပြုံးနေရမယ်၊ ကြည်ညိုဖွယ်ရှိရမယ်၊ ပူဇော်မယ့်သူရဲ့ စိတ်ထဲကြည်နူးသွားတဲ့ ဘုရားမျိုးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားပြီးတော့ ထုလုပ်ပါတယ်။ အင်္ဂါရပ်မပြည့်စုံတဲ့ဘုရားမျိုးမဖြစ်အောင်လည်း ဂရုစိုက်ပါတယ်။ အဲဒီမှာ ဆေးပိုင်းဆိုင်ရာအနေနဲ့ကတော့ လူတွေက ကျွန်းနက်ဆိုတာ နက်တယ်လို့ပဲ သိကြတာပါ။ ကျွန်းနက်က ရေအောက်ထဲမှာ နှစ်ပေါင်း ၁၀၀ ကျော်မှ ကျွန်းနက်တစ်ခုလုံးက နက်သွားတာဖြစ်ပါတယ်။ တချို့က နှစ်ပေါင်း ၇၀၊ ၈၀ ရှိတယ်။ ကျွန်းနက်တော့ မှန်တယ်။ အလယ်အူမှာ နီတာရှိတယ်၊ ဝါတာရှိတယ်။ အဲဒီလိုအသားဖြစ်လာခဲ့ရင် ဆေးရည်အနက်မှုတ်ရတယ်၊ စီလာအနက် ခံရတယ်။ အဲဒါမှ ကျွန်းနက်ဖြစ်ပါတယ်။ တချို့က အနက်မကြိုက်ဘူး၊ အမည်းဆိုရင် မကိုးကွယ်ချင်ဘူးဆိုတာမျိုးလည်း ရှိပါတယ်။ မူရင်းအရောင်အတိုင်းလိုချင်ရင် စီလာနှစ်ထပ်၊ လိုက်ကာနှစ်ထပ်နဲ့ ဖယောင်းအုပ်ရပါတယ်။ ကျွန်းနက်သားတွေက ရေအောက်ထဲမှာ နေတာကြာပြီဖြစ်လို့ အပေါ်ကိုတက်လာရင် နေဒဏ်နဲ့ လေဒဏ်ကို မခံပါဘူး။ ကျွန်းနက်ဘုရားရုပ်ပွားတော်တွေက နေနဲ့ လေနဲ့ထိရင် ကွဲပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က စီလာနဲ့ထိန်းရပါတယ်။ နေပူထဲတော့ ထားလို့မရပါဘူး။ ကျွန်းနက်သားတွေက အရောင်ကွဲတာဖြစ်တဲ့အတွက် မူရင်းအရောင်ရဖို့ ကော်ပတ်ကို အဆင့်ဆင့်ချောရပါတယ်။ ဆေးဆိုလည်း အထပ်ထပ်သုတ်ရပါတယ်၊ အဲဒီလိုလုပ်ပြီးမှ ကျွန်းနက်ဘုရားတစ်ဆူ ကောင်းကောင်းရတာပါ။ ကျွန်းနက်အသားမှန်ရင် မကွဲတာမရှိပါဘူး။ ကွဲသွားတတ်ပါတယ်၊ ကွဲသွားတတ်တာကို အသက်သာဆုံးမကွဲအောင် ထိန်းသိမ်းပေးပါတယ်။ ကျွန်းနက်ဘုရားရုပ်ပွားတော်က ဘယ်ကပဲဝယ်ဝယ် ကွဲသွားရင် ဘုရားရုပ်ပွားတော်ပြင်ချင်တယ်ဆိုရင် အခမဲ့ပြင်ပေးပါတယ်။

**မေး။ ။ ကျွန်းနက်မြန်မာမှု ပန်းပုလုပ်ငန်းနဲ့ ပတ်သက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့နဲ့ ပြည်တွင်းထုတ်ကုန်အဖြစ် ဆောင်ရွက်လိုတဲ့ ပြည်သူတွေအတွက် ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ ကျွန်းနက်မြန်မာမှု ပန်းပုလုပ်ငန်းဟာ အရိပ်ထဲမှာနေပြီး သက်သက်သာသာ၊ တည်တည်ငြိမ်ငြိမ်နဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုလည်းဖြစ်ပါတယ်။ သဘာဝစွန့်ပစ်ပစ္စည်းတွေကို သမ္မာအာဇီဝကျကျဆောင်ရွက်ရလို့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့လုပ်ငန်းဖြစ်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျာ။ ။



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် ၆၀၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၃၃ ဦးတို့ စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဂန့်ဂေါမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (ဂန့်ဂေါ) ပုံညာခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အထက (ဂန့်ဂေါ) Grade-11 မှ မကြည်ဟေမာန်လွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က ဒုတိယဆုရရှိသည့် အထက(မြို့မ) Grade-10 မှ မယွန်းရတီဖြိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းက တတိယဆုရရှိသည့် အထက(မြို့မ)Grade-11 မှ မအိမ်သူခင်တို့အား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂန့်ဂေါခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြသသည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသ၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် စိုက်ခင်းတာဝန်ခံများအား တွေ့ဆုံ၍ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေအခက်အခဲမရှိစေရေး၊ သီးထပ်စွမ်းအားတိုးမြှင့်နိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ညောင်ရွှေငါးလုပ်ငန်းစခန်း၏ ငါးမျိုးပွားသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှု၊ ညောင်ရွှေမြို့နယ်ရှိ နဒီကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း နှင့် သာစည်ကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နန့်ကတ်ချောင်း ရေလမ်းကြောင်းဘေးရှိ ကျွန်းမျောဘောင်(ရေခြံ) ဆောင်ရွက်ထားရှိမှု၊ အင်းလေးကန် ရေဝင်ရောက်မှုနှင့် သဲနုန်းများ တူးဖော်ဆောင်ရွက်မှု၊ အင်းလေးကန်ရေပြင် ကျွန်းမျောရေမှော်၊ ဗေဒါများ ရှင်းလင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



သဲနုန်း အနည်ပို့ချမှုကြောင့် အင်းလေးကန်ရေပြင်ဧရိယာမှာ စတင်တိမ်ကောစ ပြုလာပြီဖြစ်၍ နမ့်ကတ်ချောင်း၀၊ ငါးဖယ်ချောင်း၀၊ မြေနီကုန်းမြောင်းထိပ်နှင့် အင်းရေပြင်ရှိ သဲနုန်းများအား တူးဖော်ဖယ်ရှားနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသကဲ့သို့ အင်းလေးကန်၏ အရှေ့မြောက်နှင့် အရှေ့ဘက်တွင်တည်ရှိသည့် ကန်များအား နုန်းစစ်ကန်အဖြစ် အသုံးပြုသွားနိုင်ရန် အဆိုပါကန်များမှ သဲနုန်းများ တူးဖော်ဖယ်ရှားခြင်းကို ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ညောင်ရွှေမြို့နယ်ရှိ ဝါးတော်ချောင်း နုန်းဖမ်းဆည်နှင့် ရေပယ်နုန်းထိန်းတမံအား ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ပြီးသော အထက်ပိုင်းတွင် နုန်းပို့ချမှု လျော့ပါးစေ၍ နုန်းထိန်းတမံများ အဆင့်ဆင့် တည်ဆောက်ရေး စီမံဆောင်ရွက်ရန်နှင့် အဓိက အရေးပါသည့်နေရာများတွင် ဦးစားပေးတည်ဆောက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

အလားတူ တိလောကျေးရွာအုပ်စု စိုက်ပျိုးရွာတွင် မြို့နယ်သမဝါယမအသင်း က အင်းလေးကန်အတွင်းမှ ဆယ်ယူထားသော ဗေဒါမြေဆွေးများကို သဘာဝမြေဩဇာ ထုတ်လုပ်နေမှုနှင့် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဂန္ဓမာပန်း စိုက်ပျိုးရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တလုံးကြီးမြို့တွင် Bakery & Snack အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ကျောက်တလုံးကြီးစက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းအပေါ် အမျိုးသမီးများအတွက် ဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း၌ ပါရှိသည့် Bakery & Snack အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ကက္ကူကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



**သင်တန်းဆင်းလက်မှတ် ပေးအပ်**

ရှေးဦးစွာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း ပြည်နယ်အဆင့် စီမံကိန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမျိုးသမီးများအတွက် ဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

အဆိုပါ Bakery & Snack အမျိုးမျိုး ထုတ်လုပ်မှုအခြေခံသင်တန်းတွင် ဒေသခံသင်တန်းသူ ၁၀ ဦးအား ဩဂုတ် ၁၅ ရက်မှ ၂၀ ရက်အထိ ခုနစ်ရက်သင်တန်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး အဆင့်မြင့် မွမ်းမံသင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်းနှင့် ထူးချွန်သင်တန်းသူ ငါးဦးကို သင်တန်းနည်းပြနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီတို့က စိစစ်ရွေးချယ်၍ လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## လူငယ်ရေးရာကဏ္ဍ

### ချောင်းဆုံမြို့နယ်တွင် ဘက်စုံထူးချွန်သည့်လူငယ်များ ပေါ်ထွန်းစေရေး “လူငယ်စကားဝိုင်း” ကျင်းပ

**ချောင်းဆုံ စက်တင်ဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့တွင် ကညော့်(အထက) ကျောင်း ပညာရတနာခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်(ပြန်/ဆက်)ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် (အား/ကာ) အကြီးတန်းစာရေး ဒေါ်သီသီအေးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကာ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးစသည့် ခေါင်းစဉ်များ ဆွေးနွေးခဲ့ကြပြီး တက်ရောက်ကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**




### ကောလင်းမြို့နယ် မြောက်အင်းကျောင်း၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲနှင့်ပြပွဲပြိုင်ပွဲကျင်းပ

**ကောလင်း စက်တင်ဘာ ၁၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲနှင့်ပြပွဲပြိုင်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကောလင်းမြို့နယ်ရှိ မြောက်အင်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူငယ်နှင့်မူးယစ်ဆေး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ လူငယ်နှင့်ကျန်းမာရေး၊ မြို့နယ်လူငယ်ရေးရာဦးစီးဌာနမှ လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေး ဟောပြောသည်။

ထို့နောက် ကောလင်းခရိုင် ဒေသထွက်ကုန်ပစ္စည်းများ၊ လက်မှုပညာပစ္စည်းများ၊ အားကစားပစ္စည်းများ၊ စာအုပ်စာစောင်များခင်းကျင်းပြသခြင်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲများ ကျင်းပပြီး အနိုင်ရရှိသူများအား ဗလာစာအုပ်၊ ဘောပင်၊ ကဗျာစာအုပ်များနှင့် မုန့်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# (၂၄)ကြိမ်မြောက် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ




ရန်ကုန် စက်တင်ဘာ ၁၆

အင်းစိန်ခရိုင်နှင့်တိုက်ကြီးခရိုင်တို့ ပူးပေါင်း၍ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြိုင်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်၊ တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနေသွေး၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအုန်းရွှေ၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင် ဦးသန်းထွန်းလေးနှင့် အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင် အမျိုးသားစာပေဆုရှင် ဒေါ်ရွှေကူနန်းနွဲ့နွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အင်းစိန်ခရိုင်နှင့် တိုက်ကြီးခရိုင်တို့မှ ကိုယ်စားပြုမြို့နယ်များဖြစ်သည့် အင်းစိန်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်များမှ အဆိုပြိုင်ပွဲဝင် ၁၈ ဦး၊ အကပြိုင်ပွဲဝင် ခြောက်ဦး၊ အရေးပြိုင်ပွဲဝင် တစ်ဦးနှင့် အတီးပြိုင်ပွဲဝင် ၁၅ ဦး စုစုပေါင်း ၄၀ တို့က သက်ဆိုင်ရာ ဘာသာရပ်ပြိုင်ပွဲ အမျိုးအစားများအလိုက် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြပြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပွဲစဉ်အစအဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဒေါက်တာကေသီထွေး၊ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်တို့က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ကျင်းပခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုအများဆုံးရရှိခဲ့သည့် အင်းစိန်မြို့နယ်အား တံခွန်စိုက်ဆုနှင့် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များကိုလည်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



မိတ္ထီလာ စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သော ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မိတ္ထီလာပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်း ကာကွယ်ပေး" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေး ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော တာဝန်ရှိသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



# မိုးညှင်းမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် ဆုများချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မိုးညှင်း စက်တင်ဘာ ၁၆

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်နှင့် ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းနိုင်ဝင်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် "အိုဇုန်းလွှာအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား သိရှိနားလည်နိုင်စေရန်အတွက် ပါဝါပွိုင့်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပခဲ့သော မိုးညှင်းမြို့နယ်အတွင်း အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀ မှ ဆုများရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း

# သထုံမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

သထုံ စက်တင်ဘာ ၁၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စီစဉ်ကျင်းပသည်။



အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းလင်းစိုးက ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)မှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြကာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးက အခြေခံပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ် ဆရာများလက်စွဲစာအုပ်နှင့် အလှူငွေများအား အထက(၁)သထုံကျောင်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အိုဇုန်းလွှာ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ရုပ်သံဗီဒီယိုများ ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အောက်တိုဘာလမှစ၍ မန္တလေးရှိ ယဉ်ကျေးမှုဇုန် နှစ်ခု၌ ယဉ်ကျေးမှုဇုန်ဝင်ကြေး တိုးကောက်မည်

မန္တလေး စက်တင်ဘာ ၁၆

လာမည့်အောက်တိုဘာ ၁ ရက်မှစ၍ မန္တလေးရှိ ယဉ်ကျေးမှုဇုန် နှစ်ခု၌ ယဉ်ကျေးမှုဇုန်ဝင်ကြေးများ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံခြားသားခရီးသွားများ အများဆုံးလာရောက်လေ့ရှိသည့် မန္တလေးယဉ်ကျေးမှုဇုန်နှင့် အင်းဝ၊ ပင်းတယယဉ်ကျေးမှုဇုန်များ၌ ဇုန်ဝင်ကြေးများတိုးပြီး ကောက်ခံသွားမည်ဖြစ်သည်။

"အောက်တိုဘာလ ၁ ရက်ကနေစပြီးတော့ မန္တလေးယဉ်ကျေးမှုဇုန်နဲ့ အင်းဝ၊ ပင်းတယ ယဉ်ကျေးမှုဇုန်နှစ် ခုမှာ နိုင်ငံခြားသားခရီးသွားတွေအတွက် ဇုန်ဝင်ကြေးငွေကျပ်တစ်သောင်းခွဲအဖြစ် ပြောင်းလဲကောက်ခံသွားတော့မှာဖြစ်ပါတယ်။ စက်တင်ဘာလအထိကတော့ ဇုန်ဝင်ကြေး ငွေကျပ်တစ်သောင်း သတ်မှတ်ထားပါတယ်"ဟု ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။

စက်တင်ဘာလအထိ မန္တလေးယဉ်ကျေးမှုဇုန်နှင့် အင်းဝ၊ ပင်းတယ ယဉ်ကျေးမှုဇုန်ဝင်ကြေး ငွေကျပ်တစ်သောင်း သတ်မှတ်ထားရာမှ လာမည့်အောက်တိုဘာလ ၁ ရက်တွင် ဇုန်ဝင်ကြေး ငွေကျပ်တစ်သောင်းခွဲ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ယဉ်ကျေးမှုဇုန်နှစ်ခုတွင် နိုင်ငံခြားသားခရီးသွားများ လေ့လာနိုင်ရန် ယခုနှစ်ထဲတွင် မန္တလေးယဉ်ကျေးမှုဇုန်အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး၊ ရွှေကျောင်း အစရှိသည့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများကို နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံပြီး ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။


တီစီ


# ငါးမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး သက်ရှိအစာ ရေချိုရိုတီဖာနှင့် ရေချိုရေညှိ မွေးမြူပေး

မောင်တံငါ (M.Sc)၊ မွေးသု(မန်း)

**မွေးမြူထုတ်လုပ်ရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေရာ မွေးမြူထုတ်လုပ်ရေးနည်းပညာများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်အစာလုံလောက်ရုံမျှနှင့် မပြည့်စုံနိုင်ဘဲ ၎င်းတိရစ္ဆာန်အစာများမှ မည်မျှအသုံးချနိုင်မှုရှိသည် (Digestibility) သို့မဟုတ် မည်မျှအကျိုးသက်ရောက်မှုရှိသည် (Net Energy)တို့ကို သိရှိရန်လိုအပ်ပေသည်။**

ငါးမွေးမြူရေးအခန်းကဏ္ဍအတွက် အသုံးများသော အပင်မျှောလေးများနှင့် သတ္တမျှောလေးများတွင် ပရိုတိန်း (Protein)၊ အဆီဓာတ်များ(Fats)၊ ကစီဓာတ်များ (Carbohydrates)၊ အမိုင်နိုအက်စစ်ဓာတ်များ (Amino acids)၊ အင်ဇိုင်းဓာတ်များ(Enzymes)နှင့် ပြည့်ဝအဆီ(polyunsaturated fatty acids) ပါဝင်ပြီး အာဟာရပြည့်စုံစွာ ပါဝင်ရုံမျှမက အစာချေဖျက်နှုန်း ကောင်းမွန်သော သက်ရှိအရာ(အစာ)များလည်း ဖြစ်ပါသည်။




မွေးမြူရေးကန်များ၌ အများဆုံးတွေ့ရှိရသော အပင်မျှောလေးနှင့် သတ္တမျှောလေးမျိုးစိတ်များ။

သဘာဝရေထုများနှင့် ငါးမွေးမြူသောကန်များအတွင်းရှိ ရေထုများတွင် အပင်မျှောလေးများ (Phytoplankton) နှင့် သတ္တမျှောလေးများ (Zooplankton) ဟူ၍ အုပ်စုနှစ်မျိုးရှိကာ အပြန်အလှန်သဟဇာတညီမျှစွာ ပါဝင်နေရန်မှာလည်း အထူးလိုအပ်ပါသည်။ အပင်မျှောလေးဆိုသည်မှာ အရွယ်အစားသေးငယ်ပြီး ဆဲလ်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားကာ အဏုကြည့်မှန်ပြောင်းဖြင့်သာ မြင်နိုင်သော အလင်းမိစု အစာအာဟာရဖွဲ့စည်းခြင်း (Photosynthesis) နည်းဖြင့် ရှင်သန်ကြီးထွားပွားများသည့် ရေညှိရေမှော်လေးများကိုဆိုလိုပါသည်။ သတ္တမျှောလေးဆိုသည်မှာ သက်ရှိအကောင်ငယ်လေးများဖြစ်ပြီး တစ်နည်းအားဖြင့် သက်ရှိအစာ(ရိုတီဖာ-Rotifer)ဟုခေါ်ဆိုကာ အဏုကြည့်မှန်ပြောင်းဖြင့်သာ မြင်နိုင်သော သေးငယ်သည့် ရေနေသတ္တဝါငယ်လေးများဖြစ်ပါသည်။ သတ္တမျှောလေးတို့သည် အပင်မျှောလေးများကို စားသုံးကာ ရှင်သန်ကြီးထွားကြပေသည်။

ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ငါးများ၏ ပထမအဆင့်ငါးငယ်(ခေါ်) ငါးမှုန်အဆင့်ဘဝတွင် ကြီးထွားရှင်သန်နှုန်းကောင်းမွန်စေရန်နှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန်မှာ လွန်စွာအရေးကြီးလှပေသည်။ မွေးမြူရေးနည်းပညာများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ငါး(Fish)နှင့် အခွံမာသတ္တဝါလေးများ (Crustanceaus)၏ အစောဆုံးအရွယ်ဖြစ်သော သားပေါက်အဆင့်တွင်အလွယ်တကူစားသုံးနိုင်ရန် ဖော်စပ်စာများကို အသုံးပြုလာကြသော်လည်း စိန်ခေါ်မှုအနေဖြင့် မွေးမြူရာ၌ အသုံးပြုသော ရေထုနှင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေနိုင်သည့်အပြင် ငါးမှုန်အဆင့်တွင် ငါးများ၏အစာခြေစနစ်သည်ကောင်းစွာ မဖွံ့ဖြိုးသေးသည့်အတွက် ၎င်းတို့၏ ပါးစပ်အရွယ်အစားနှင့် သင့်လျော်သော အစာကိုကျွေးမွေးရန်လိုအပ်ပြီး ထိုအထဲတွင် သက်ရှိအစာ(ရိုတီဖာ)သည် အသင့်လျော်ဆုံးဖြစ်ပါသည်။ နိုင်ငံတကာတွင် ငါးမှုန်ငါးသန် ထုတ်လုပ်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာသည်နှင့်အမျှ သက်ရှိအစာ(ရိုတီဖာ)များ နေ့စဉ်အမြောက်အမြား လိုအပ်လျက်ရှိပါသည်။

ကန်အတွင်းရှိ ရေညှိရေမှော်လေးများကို သတ္တမျှောလေးများကလည်းကောင်း၊ သတ္တမျှောလေးများကို ငါးငယ်များကလည်းကောင်း၊ ငါးငယ်လေးများကိုငါးကြီးများကလည်းကောင်း အဆင့်ဆင့်စားသုံးကြပြီး အစာကွင်းဆက်တစ်ခုအဖြစ် သဘာဝအတိုင်း လည်ပတ်လျက်ရှိကြပေသည်။

**အပင်မျှောလေးမွေးမြူနည်း**

ရေညှိအမျိုးအစားပေါင်း ၄၃၀၀၀ ကျော်ရှိပြီး ၉၀ ရာခိုင်နှုန်းခန့်သည် ရေချိုရေပြင်များ၌သာ တွေ့ရှိရသကဲ့သို့ ရေငန်ရေပြင်များတွင်လည်း တွေ့မြင်ရသော ရေညှိမျိုးစိတ်များလည်း ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ရေချိုရေညှိတွင် အာဟာရတန်ဖိုး(% dry weight) အားဖြင့် အသားဓာတ် ၅၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၃ ဒသမ ၈ ရာခိုင်နှုန်းပါဝင်သည်။ ရေချိုရေညှိသည် လိင်မဲ့မျိုးပွားနည်းဖြင့် မျိုးပွားပြီး မူရင်းမိခင်ဆဲလ်တစ်ခုအတွင်းတွင် မိခင်ဆဲလ်နှင့် ပုံစံတူဆဲလ်လေးခုဖြစ်ပေါ်လာကာ မွေးမြူရန် အကောင်းဆုံးအပူချိန်မှာ (၂၈-၃၅°C) အတွင်းဖြစ်ပါသည်။

**သတ္တမျှောလေးမွေးမြူနည်း**

ရိုတီဖာ (Rofiter)ဆိုသည်မှာ သတ္တမျှောလေးအုပ်စုတွင်ပါဝင်သော ကျောရိုးမဲ့ ရေနေသတ္တဝါငယ် မျိုးစိတ်တစ်မျိုးဖြစ်ပြီး ရေချိုမျိုးစိတ်နှင့် ရေငန်မျိုးစိတ်ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်ကာ ရေချိုမျိုးစိတ်တွင် မျိုးစိတ်ပေါင်း ၂၀၀၀ ခန့်နှင့် ရေငန်မျိုးစိတ်တွင် မျိုးစိတ်ပေါင်း ၅၀ ခန့် အသီးသီးရှိကြပါသည်။ သက်ရှိအစာ ရေချိုရိုတီဖာတို့သည် လိင်မဲ့နည်းနှင့် လိင်ရှိနည်းတို့ဖြင့် မျိုးပွားခြင်းကို ပြုလုပ်ကြပါသည်။ ရေချိုရိုတီဖာများသည် အကောင်းဆုံးအပူချိန် (၂၅°C) တွင် သုံး၊ လေးရက်အထိ နေထိုင်အသက်ရှင်နိုင်ပြီး အပူချိန် (၁၅-၃၅°C) အထိ ခံနိုင်ရည်ရှိပါသည်။ ရိုတီဖာတို့ နှစ်ခြိုက်သော ရေချိုရေညှိကို နေရောင်ခြည်ကောင်းစွာရရှိသောနေရာတွင် ပုံး၊ ကွန်ကရစ်ကန်၊ မိုးကာကန် စသည်ဖြင့် အဆင်ပြေသည့် ပစ္စည်းများကို အသုံးပြုနိုင်ပြီး ဇယားပါ အချိုးအစားများအတိုင်း ထည့်သွင်း၍ ပြင်ဆင်ရပါမည်။ ကနဦးမွေးမြူရာတွင် ရေချိုရေညှိနှင့် ရေစစ်ရေကို (၁:၃) ပမာဏအတိုင်း အသုံးပြုရမည်ဖြစ်ပြီး မွေးမြူမည့် ပမာဏကို အခြေခံတွက်ချက်ကာ သမအောင်မွှေရပါမည်။ ရေချိုရေညှိများ အလင်းမိစုအစာဖွဲ့စည်းခြင်း ကောင်းစွာပြုလုပ်နိုင်ရန်နှင့် အထက်နှင့်အောက်ခြေ သမအောင် ကန်အတွင်းသို့ ပျော်ဝင်အောက်ဆီဂျင် (၆-၈ မီလီဂရမ်/လီတာ) ပမာဏကို လေပေးစက်ဖြင့် ပေးထားရန် လိုအပ်ပါသည်။

| စဉ် | ထည့်သွင်းအသုံးပြုရမည့်ပစ္စည်းများ | ထည့်သွင်းရမည့် အချိုးအစားများ |
|---|---|---|
| ၁။ | NPK (16–16–8) | 0.26 g/L |
| ၂။ | Urea (46–0–0) | 0.26 g/L |
| ၃။ | Superphosphate (0–45–0) | 0.1 g/L |
| ၄။ | ထုံး | 0.12 g/L |
| ၅။ | ပဲပိစပ် (သို့) ဖွဲနု | 0.12 g/L |
| ၆။ | သကာရည် | 1.2 ml/L |
| ၇။ | ရေချိုရေညှိ | 200 ml/L |


စတင်မွေးမြူသည့်ရက်မှ သုံးရက်မှငါးရက်အကြာတွင် အစိမ်းရင့်ရောင်သို့ ပြောင်းလဲလာပါက အနည်ထိုင်ထားသော ရေအသစ်အား အခြားမလိုလားအပ်သော သတ္တမျှောလေးများ မပါဝင်စေရန်အတွက် ရေစစ်ပိုက်ကွက်(69 µm) ဖြင့်စစ်ကာ ထည့်သွင်းရမည်ဖြစ်ပြီး ရေထပ်မံထည့်သွင်းသည့် ပမာဏအတိုင်း တွက်ချက်ကာ ပေါက်ပွားရန် လိုအပ်သည့်ပစ္စည်းများ ထပ်မံထည့်သွင်းရမည်ဖြစ်ပါသည်။

အထက်ပါနည်းလမ်းအတိုင်း မိမိတို့လိုအပ်သည့် သတ္တမျှောလေးပမာဏ ရရှိလာစေရန် ပြင်ဆင်မွေးမြူထားသော ရေချိုရေညှိကန်အတွင်းသို့ သက်ရှိရိုတီဖာမျိုးစိတ်သီးသန့်အား 12 pcs/ml နှုန်းဖြင့်ထည့်သွင်းမွေးမြူပြီး လေး၊ ငါးရက်အကြာတွင် ပမာဏအမြောက်အမြားပွားများလာသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။


ရေချိုရေညှိနှင့် သက်ရှိအစာ (ရိုတီဖာ)ကို မွေးမြူရာတွင် ဓာတ်ခွဲစမ်းသပ်ခန်းအတွင်း ပမာဏအနည်းငယ်မွေးမြူခြင်း (laboratory scale culture)၊ အလတ်စားပမာဏ မွေးမြူခြင်း (Medium scale culture)၊ အမြောက်အမြားမွေးမြူခြင်း (Mass culture) စနစ်တို့ကို အသုံးပြုနိုင်ပြီး တစ်သုတ်ချင်းမွေးမြူခြင်း(Batch culture)နှင့် စဉ်ဆက်မပြတ်မွေးမြူခြင်း (Continuous culture)တို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။

သက်ရှိအစာ(ရိုတီဖာ)တွင် ပရိုတိန်းဓာတ် ၆၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၁၁ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် ငါးမှုန်အဆင့်တွင် လိုအပ်သော အာဟာရဓာတ်များကို ဖြည့်တင်းပေးနိုင်မည်ဖြစ်ပြီး ရေညစ်ညမ်းမှုကိုလည်း ကာကွယ်နိုင်ပါသည်။ ထို့အတူ သက်ရှိအစာ (ရိုတီဖာ)ကို မွေးမြူထားသော ကန်အတွင်းမှ ခပ်ယူ၍ ငါးသားပေါက်ကန်များအတွင်းသို့ ပက်ဖျန်းကျွေးမွေးခြင်း သို့မဟုတ် သက်ရှိအစာ (ရိုတီဖာ) မွေးမြူထားသော ကန်အတွင်းသို့ ငါးမှုန်များအား ပြောင်းရွှေ့ထည့်သွင်းမွေးမြူခြင်းတို့ဖြင့် နှစ်သက်ရာပုံစံဖြင့် မွေးမြူနိုင်ပါသည်။ မွေးမြူထားသော ကန်များအတွင်းမှ ရိုတီဖာများ အမြောက်အမြားစုဆောင်းရရှိပါက လေလုံအိတ်ငယ်များအတွင်းသို့ ထည့်သွင်းကာ ရေခဲသေတ္တာ (၄°C) အတွင်း အေးခဲထားရှိပြီး နှစ်လ၊ သုံးလအတွင်း ပြန်လည်အသုံးပြုနိုင်ပါသည်။

**စာမျက်နှာ ၂၁ သို့ »»**




ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ငါးကန်များအတွင်း အစာသံသရာလည်ပတ်ပုံ။




ရေချိုရေညှိ၏ ဘဝစက်ဝန်းနှင့် ဆဲလ်ကွဲပွားပုံ။

**ရိုတီဖာ (Rofiter)ဆိုသည်မှာ သတ္တမျှောလေးအုပ်စုတွင် ပါဝင်သော ကျောရိုးမဲ့ရေနေသတ္တဝါငယ် မျိုးစိတ်တစ်မျိုး ဖြစ်ပြီး ရေချိုမျိုးစိတ်နှင့် ရေငန်မျိုးစိတ်ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်ကာ ရေချိုမျိုးစိတ်တွင် မျိုးစိတ်ပေါင်း ၂၀၀၀ ခန့်နှင့် ရေငန်မျိုးစိတ်တွင် မျိုးစိတ်ပေါင်း ၅၀ ခန့် အသီးသီး ရှိကြပါသည်။ သက်ရှိအစာ(ရိုတီဖာ)တွင် ပရိုတိန်းဓာတ် ၆၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၁၁ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် ငါးမှုန်အဆင့်တွင် လိုအပ်သော အာဟာရ ဓာတ်များကို ဖြည့်တင်းပေးနိုင်မည်ဖြစ်ပြီး ရေညစ်ညမ်းမှုကို လည်း ကာကွယ်နိုင်**

»»» **စာမျက်နှာ ၂၀ မှ**

မွေးမြူသားဖောက်ထားသောငါးမှုန်များ ဥမှ အကောင်ပေါက်ပြီး သုံးရက်သားခန့်တွင် ရိုတီဖာကို စတင်ကျွေးမွေးနိုင်ကာ အနည်းဆုံးတစ်ပတ်သားမှ အများဆုံး နှစ်ပတ်သားအထိ သက်ရှိအစာကျွေးမွေးနိုင်မည်ဆိုပါက ငါးများရှင်သန်နှုန်းကို သိသာစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်၍ သုတေသနပြုစမ်းသပ်မှုများအရ ရှင်သန်နှုန်း ၇၀ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးနိုင်ပါသည်။

**လူ့ကျန်းမာရေးနှင့် အပင်မျှောလေး၊ သတ္တဝါမျှောလေးဈေးကွက်**

နိုင်ငံတကာတွင် ရေချိုရေညှိ *Chlorella* မျိုးစိတ်ကို လူတို့အသုံးပြုရန် ကျန်းမာရေးဆေးဝါးများအဖြစ် အမှုန့်ပုံစံ၊ ဆေးပြားနှင့် ဆေးတောင့်ပုံစံများဖြင့် အသုံးပြုလျက်ရှိကြပါသည်။ ထို့အပြင် ငါးများနှင့် အခွံပါသတ္တဝါများကို ကျွေးမွေးရန် အမှုန့်ပုံစံဖြင့်လည်းကောင်း၊ သက်ရှိအစာ မွေးမြူရေးလုပ်ငန်းများအတွက် အရည်ပုံစံအဖြစ်လည်းကောင်း၊ အသင့်မွေးမြူရန်အတွက် သက်ရှိအစာ ရေချိုရိုတီဖာ မွေးမြူရန် ဥ(cysts)များကို စနစ်တကျထုပ်ပိုးထားသော အိတ်ပုံစံဖြင့်လည်းကောင်း၊ ရေချိုရိုတီဖာ (အရှင်)ကို ထုပ်ပိုးအိတ်များဖြင့်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် ရောင်းဝယ်အသုံးပြုလျက်ရှိပါသည်။



Chlorella အမှုန့်ပုံစံ



Chlorella ဆေးပြားပုံစံ



Chlorella ဆေးတောင့်ပုံစံ



ငါးများနှင့် အခွံပါသတ္တဝါများကို ကျွေးမွေးရန် အမှုန့်ပုံစံ


Chlorella အရည်ပုံစံ



ရေချိုရိုတီဖာ ဥ(cysts)များ

**ငါးမွေးမြူရေးလုပ်ငန်းရေရှည်တည်တံ့ဖွံ့ဖြိုးရေး**

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ငါးမှုန်အရွယ် ငါးငယ်များအတွက် လိုအပ်သော အာဟာရတန်ဖိုးများ ပါဝင်အောင် ဖော်စပ်စာများ ထုတ်လုပ်ဖြန့်ဖြူး အသုံးပြုကျွေးမွေးလျက်ရှိသော်လည်း အဆိုပါ ကျွေးမွေးလိုက်သည့် ဖော်စပ်စာများကို ငါးငယ်များက ကုန်စင်အောင် မစားသုံးနိုင်ပါက ကန်အောက်ခြေသို့ လျှင်မြန်စွာ နစ်မြုပ်သွားခြင်းကြောင့် ရေအရည်အသွေး ကျဆင်းစေနိုင်ခြင်း၊ အစာသည် အနည်းငယ် ခြောက်သွေ့မာကျောသဖြင့် အစာခြေစနစ်ကောင်းစွာ မဖွံ့ဖြိုးသေးသည့် ငါးငယ်များအတွက် ဆိုးကျိုးသက်ရောက်မှု ရှိစေနိုင်ခြင်း၊ ထိုမှတစ်ဖန် ရှင်သန်နှုန်းကျဆင်းသဖြင့် တစ်ဖက်တစ်လမ်းမှလည်း စီးပွားရေးဆုံးရှုံးစေခြင်း စသောအချက်များကို ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့အောင်မြင်သော ငါးမှုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အထောက်အကူပြု ပံ့ပိုးပေးနိုင်ရန်နှင့် ငါးမျိုးစိတ်အားလုံး၏ ငါးမှုန်အဆင့်တွင် ရှင်သန်ကြီးထွားနှုန်းကို ကောင်းမွန်စေရုံသာမက အာဟာရဓာတ်များပြည့်စုံစွာ ပါဝင်သော သက်ရှိအစာ ရိုတီဖာ၏ အရေးပါပုံနှင့် မွေးမြူပုံနည်းစနစ်တို့အား အသုံးပြုနိုင်ရန် မျှဝေဖော်ပြရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

- Dhert, P., Rombaut, G., Suantika, G., Sorgeloos, P. 2001. Advancement of rotifer culture and manipulation techniques in Europe. Aquaculture 200 2001 129–146.
- Importance of Live food organisms in aquaculture
- Live feed for Aquaculture. Aquatic animal feed research group, Aquatic animal feed research and development division, Department of Fisheries, Thailand
- Phytoplankton and Zooplankton for Aquaculture. Prachinburi Inland Aquaculture Research and Development Center, Department of Fisheries, Thailand.
- Reyes, J. A. C., Torres, J. A. S., Campos, B. J., Hernandez, J. C. G., 2020. Chlorella vulgaris, a microalgae important to be used in biotechnology: a review. Food sci. Technol, 1:11
- Safi, C., Zebib, B., Merah, O., Pontalier, P.Y., Vaca–Garcia, C., 2014. Morphology, composition, production, processing and applications of *Chlorella vulgaris*: A review. Renew. Sustain. Energy Rev. 35: 265–278

## အလုံမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံရေး အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

အလုံမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ အသက်(၉) နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး HPV ထိုးနှံနိုင်ရေး မြို့နယ်အဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသဇင်ခိုင်က သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသဇင်ခိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဟိန်းလင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်တင်တင်ချို၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်(လှျပ်စစ်)**


(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ သံဖြူဇရပ်မြို့နယ်ယာယီရဲမှူး ထွန်းထွန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဝယ်သွန်ချောင်ကျေးရွာရှိ(ဂျပန်ဘုရား)ဝင်းနှင့် ကျိုက္ခမီ တိုက်နယ်ဆေးရုံတို့တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ လှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသိန်းခွဲ ငါးမျိုးစိုက်ထည့်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကျွန်းငူကမ်းနားရှိ လှိုင်မြစ်အတွင်းသို့ စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေ ငါးသိန်းခွဲ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။




ငါးမျိုးစိုက်ထည့်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအေးဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးအောင်မြတ်ကျော်၊ လှော်ကား ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေ ပြည်သူများက လှိုင်မြစ်သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းခွဲကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အင်္ဂပူမြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**အင်္ဂပူ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထန်းပင်ကန်ကျေးရွာအုပ်စု သဲဖြူချောင်းတံတားအနီးရှိ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်က အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို မြန်အောင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်အေးမြင့်ဦး၊ အင်္ဂပူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မော်မော်ဝင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက စုပေါင်း၍ နှစ်လက်မအောက် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၅၀၀၀၀ ကျော် စိုက်ထည့်ခဲ့ကြသည်။ **မန်းကျော်(ပြန်/ဆက်)**


(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီး ပရိယတ္တိစာသင်တိုက်တွင် ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးဦးစီး၍ ရဲတပ်ဖွဲ့ဝင်များကစုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။
မြို့နယ်(ပြန်/ဆက်)

## ကုန်သွယ်/စီးပွား

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၉၃ သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ သုညဒသမ ဝ၉၉၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၉ သန်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၃၃ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၉၉ တန်၊ ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၅၁ တန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၁၇ တန်၊ နနွင်းတက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ နှုန်းဖြင့် သုံးတန်၊ ငါးမြစ်ချင်း (၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် တစ်တန်၊ ငါးမြစ်ချင်း(၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၂ ဒသမ ၄ တန် နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် ရှစ်တန်၊ တန်ဖိုး သုည ဒသမ ဝ၀၂ ဒေါ်လာသန်းတို့ကို တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် ပလတ်စတစ်ရေလှောင်ကန် (Plastic Water Tank) ၇၁ ဒသမ ၂ တန် တင်သွင်းနိုင်ခဲ့သည်။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၈ တာကာ နှင့် တစ်တာကာလျှင် ၂၈ ဒသမ ၅၀ ကျပ် ဖြစ်ကြောင်း သိရသည်။

## ပေါက်ခေါင်းမြို့နယ်တွင် မိုးမြေပဲ စတင်ထွက်ပေါ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့၌ မိုးလယ်ကာလတွင် မိုးမြေပဲများ စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။ မိုးမြေပဲများကို မိုးဦးကာလဖြစ်သော ဇွန်လတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး သုံးလအကြာ မိုးလယ်ကာလတွင် စတင်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မိုးမြေပဲများ စတင်စိုက်ပျိုးချိန်မှစ၍ သီးနှံထွက်ရှိချိန်အထိ တစ်ဧကလျှင် ကျပ် ၆၅၀၀၀၀-၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် မြေအမျိုးအစားပေါ် မူတည်၍ တစ်ဧကလျှင် မြေပဲတင်း ၈၀ ခန့် ထွက်ရှိပြီး မြေပဲအတောင့် တစ်တင်းလျှင် အစေ့အဆန်ပေါ်မူတည်၍ မြေပဲဆန် ငါးပိဿာနှုန်းဖြင့် ပိဿာ ၄၀၀ ခန့် ထွက်ရှိကြောင်းသိရသည်။ တောင်သူများအနေဖြင့် မြေပဲများကို ကြိတ်ခွဲ၍ ရောင်းချကြပြီး မြေပဲဆန်တစ်ပိဿာလျှင် မြေပဲအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွဲပြားမှုရှိပြီး မြေပဲအဖြူတစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှင့် မြေပဲအနီ တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ဈေးနှုန်းများဖြင့် မြေပဲခွဲစက်များသို့ ရောင်းချကြကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း



(၇၉) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်တွင် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်မြသန်းဦးဆောင်၍ ခရိုင်ရုံးနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးရထားရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၈ ဦးတို့က ဟသ်ာတမြို့ သုံးပင်ကွင်းရပ်ကွက်ရှိ ဆယ်ထပ်ကြီးဘုရားဝင်းနှင့် သာသနာ့ဗိမာန်တော်ဝင်းတို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့



(၇၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မူးယစ်တပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး အောင်မြတ်စိုးနှင့် တပ်ဖွဲ့ဝင်အင်အား ၃၆ ဦးတို့က မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်တွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။ ကြေးမုံ



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွန်ပြည်နယ် ရေးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့်ဝန်ထမ်းများက စက်တင်ဘာ ၁၅ ရက်တွင် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် ကလော့လေးဘုန်းတော်ကြီးကျောင်း ဆရာတော်ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းစဉ်။ ကြေးမုံ

# နမ့်စန်တွင် ဆန်၊ စားအုန်းဆီနှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ

နမ့်စန် စက်တင်ဘာ ၁၆

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဆန်၊ စားအုန်းဆီနှင့် အခြေခံစားသောက်ကုန် ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့ နံနက် ၇ နာရီခွဲက နမ့်စန်-ခိုလမ်ပြည်ထောင်စုလမ်းမကြီးဘေးရှိ မြို့နယ်ခန်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ရောင်းချရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများနှင့် မိသားစုများက ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ညှော်မထဆန်တစ်ပြည်လျှင် ကျပ် ၂၇၅၀နှုန်းဖြင့် အိတ် ၆၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၈၀၀ နှုန်းဖြင့် ၂၃၀၈ ပိဿာ ရောင်းချပေးနိုင်ခဲ့ပြီး သား၊ ငါး၊ စည်သွပ်ဘူးအမျိုးမျိုးနှင့် အခြေခံစားသောက်ကုန်များကိုလည်း ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စားအုန်းဆီနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ အရှေ့ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်နှင့် စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ နမ့်စန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

# မိုးနဲမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်

မိုးနဲ စက်တင်ဘာ ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက ပေါ့မိုင်းရပ်ကွက်ရှိ ပြည်သူ့အားကစားကွင်းနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မိုးနဲမြို့နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတိုးဝင်းဖေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နမ့်မော်ဆွမ့်အသင်းနှင့် နောင်ကျော့နာဟောင်အသင်းတို့ ယှဉ်ပြိုင်ကစားရန် ဘောလုံးကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက ကွင်းအတွင်းသို့ ကန်သွင်း၍ ပြိုင်ပွဲကို စတင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် စက်တင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲတွင် အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာနှင့်ပန်းဖွားအဖွဲ့က ပါဝင်တီးမှုတ် ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

ကလော စက်တင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောခရိုင်ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ယနေ့နံနက် ၉ နာရီက ကလောမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်း၍ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ သွေးလှူဒါန်းရာတွင် ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ရာ သွေးလှူဒါန်းသည့်ရဲတပ်ဖွဲ့ဝင်များအား ကလောခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ကလောပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးတို့က အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၆၉၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၅၅ ဦး၊ ခွဲစိတ်ရောဂါ ၅၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၆ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၉၄ ဦးနှင့် သွားရောဂါ ၅၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ၁၁ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၅၄ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၁၀ တို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန်လိုအပ်သူ ၅၀ အား ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ တစ်ဦးအား နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းနောက် မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ဒေသခံပြည်သူများအား ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက နေကာမျက်မှန်များ တပ်ဆင်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာစည်မြို့နယ်တွင် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**သာစည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV)ထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇေယျာမျိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်ပွားမှုအခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုနှင့် လွှမ်းခြုံမှုအခြေအနေများ၊ ရောဂါလက္ခဏာများ၊ ကာကွယ်ခြင်းနှင့် ကုသခြင်း စသည်ဖြင့် ပရိုဂျက်တာဖြင့် ပြသကာအကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများကသိရှိလိုသည်များမေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်းသိရသည်၊ သာစည်မြို့နယ်တွင် အသက်(၉)နှစ် ပြည့်ပြီး (၁၂)နှစ်မကျော်သော ကျောင်းသူ ၄၀၂၉ ဦးရှိကြောင်း သိရပြီး စက်တင်ဘာ ၁၈ ရက်မှ စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အလုပ်အကိုင်အခွင့်အလမ်းပြပွဲ လူငယ်များလာရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် စက်တင်ဘာ ၁၆**

အလုပ်အကိုင်ရှာဖွေသည့် အရည်အချင်းပြည့်စုံသည့် လူငယ်များနှင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်း ပြည်ပကုမ္ပဏီများတွင် အလွယ်တကူချိတ်ဆက်ခန့်အပ်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ယနေ့တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပသည်။

ပြပွဲတွင်ဘဏ်များ၊ ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများ၊ ပြည်တွင်း ပြည်ပမှ ပညာရေးကျောင်းများနှင့် အသက်အာမခံကုမ္ပဏီများ၊ ပို့ဆောင်ဖြန့်ချိရေးကုမ္ပဏီများ၊ ယမကာကုမ္ပဏီများအပါအဝင် စီးပွားရေးလုပ်ငန်း ၄၀ ကျော် ပါဝင်ပြသကြသည်။

JOBNET Myanmar မှ မာကက်တင်းမန်နေဂျာ မဆုရည်သန်းထိုက်က ပြောကြားရာတွင် ပြပွဲလာလူငယ်လူရွယ်များကို စီးပွားရေးလုပ်ငန်းကုမ္ပဏီများက မိမိတို့လိုအပ်လျက်ရှိသည့် ရာထူးနေရာအလုပ်အကိုင်အခွင့်အလမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လိုအပ်ပါက လူတွေ့အင်တာဗျူး စစ်ဆေးနိုင်အောင်စီစဉ်ပေးထားကြောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကလည်း အလုပ်သမားမှတ်တင်ကတ်ထုတ်ပေးနိုင်ရန် ရုံးခန်းဖွင့်လှစ်ထားရှိပေးကြောင်း၊ အမြဲတမ်းအလုပ်အကိုင်နှင့်အတူ အချို့စီးပွားရေးလုပ်ငန်းများက အချိန်ပိုင်းအလုပ်ခေါ်ယူသည်ကိုတွေ့ရကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ လူငယ်များနှင့် ပြပွဲကြည့်ရှုလေ့လာသူ ဦးရေလေးထောင်ခန့်ရှိပြီး ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်မြို့၌ နှစ်ကြိမ်ပြသပြီး မန္တလေးမြို့၌ တစ်ကြိမ်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၉-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၄၉၅ | ၂၄၇၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၈၅ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၃၁၅ |
| 95 Ron | ၂၅၆၅ | ၂၆၁၅ | ၂၆၁၅ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၂၀ | ၂၆၀၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၈၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၅၀ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၇၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၅ | ၂၈၁၅ | ၃၀၄၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၅ | ၂၈၁၅ | ၃၀၄၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၂ | ၂၄၀၂ |
| 95 Ron | ၂၄၄၆ | ၂၅၂၉ |
| HSD (500 ppm) | ၂၅၂၈ | ၂၆၀၈ |
| HSD (50 ppm) | ၂၆၀၂ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၂ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၇၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၅-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၆-၉-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၇၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့ လဘန်ကျေးရွာ ဝါရှောင်-ဝိုင်းမော် ကားလမ်းမအနီး၌ ယာဉ်လေးစီးပေါ်မှ ဟော့ဒေါ့အသားချောင်း အထုပ် ၃၅၀၀၊ အေးခဲအသားချောင်း ၁၉၂ ထုပ် အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၂၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace သုံးစီးနှင့် Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၀၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## အရေးယူဆောင်ရွက်လျက်ရှိ

ထို့ပြင် စက်တင်ဘာ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Sand Paper ကီလိုဂရမ် ၄၄၈၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၉၃၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့် ၁၀၀၀ ဂရမ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutone Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၀၁၃၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ကမ်းရိုးတန်းမြို့နယ် မြစ်မရပ်ကွက်ရှိ ဂိုဒေါင်နှင့် ပါရမီ(၂)ရပ်ကွက်ရှိ ဂိုဒေါင်တို့၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် WAI WAI ခေါက်ဆွဲခြောက် အထုပ် ၂၄၄၈၀ နှင့် WAI WAI ဆန်ကြာဆံအထုပ် ၉၀၀၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စက်တင်ဘာ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သပြုကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် ၁၀ ဒသမ ၅၅၄ တန်နှင့် အခြားသစ် ၁ ဒသမ ၀၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၀၈၆၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ASUS Computer Motherboard Circuit အခု ၄၀၊ ညအိပ်မဝတ်ဝမ်းဆက် (အင်္ကျီ+ ဘောင်းဘီ) အစုံ ၁၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀)ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စက်တင်ဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၈ ဒသမ ၂၇၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၆၃၇၄၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၄ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၂၂၉၆၀၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ ရုံးမှ ရဲမှူး နော်ခမ်းနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ဆုတောင်းပြည့်ဘုရားကြီးနှင့် ဘုန်းကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးထက်အောင်၊ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုး၊ မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးအုန်းသိန်းတို့ ဦးဆောင်၍ မြောင်းမြမြို့ မေတ္တာမွန်ဘိုးဘွားရိပ်သာတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဝဝဝ(မြောင်းမြ)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၉-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်ပရိတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "Success Story" (Dayang သုံးဘီး)
- ၀၉:၁၅ တရုတ်ကာတွန်း 'တီရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁)
- ၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၀:၃၀ "Music Travellers-7" တေးဂီတပျော်ပွဲ
- ၁၁:၃၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ကိုယ်ရယ် တိုးရယ် စိုးစိုးရယ်' (ညွှန့်ဝင်း၊ သန်းထွန်း၊ ခင်သန်းနု၊ ပုလဲ)
- ၁၆:၃၅ Sports Diary
- ၁၇:၂၅ မခေါ်ဘဲလာတဲ့အယ်လ်နီညို
- ၁၇:၃၅ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲ အပြိုင်ကြ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၅၀) (ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်' (ဒါရိုက်တာအောင်မြင့်မြတ်) (အပိုင်း-၁)
- ၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'ငွေအင်ကြင်း' (ရန်အောင်၊ မင်းဦး၊ စိုးမြတ်သူဇာ၊ စုလှိုင်နှင်း)

### mitv

- 07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
- 07:07 Myanmar Puppet
- 07:16 The Yangon Zoo & The Adorable Lady Elephant "Mo Mo"
- 07:40 Myanmar's Traditions and Culture: The Golden Land
- 08:01 News
- 08:27 Famous Ywar Ngan Coffee From Shan Highlands
- 08:50 Tastes of Home Land: Sour and Spicy Crab
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 4) 1970-1989
- 09:39 Today Myanmar: The 365-Day Dawn Alms-Food Offering Association
- 09:48 Sarus Crane in Myanmar
- 10:01 News
- 10:26 Great Shwedagon - The Ten Traditional Arts & Crafts
- 10:48 Perspectives; The Powerhouse of India (Part-II)

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** မြန်မာ့မြေမှ စိုက်ပျိုးစီးပွား လုပ်မှုဘဝများ (မှိုစိုက်ပျိုးနည်းနှင့် ဂျုတ်စိုက်ပျိုးနည်း)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** သာယာရှုမောဖွယ် ရမ္မာမြေ(အပိုင်း-၁)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှမ်းဘာသာစကား ပြောကြရအောင်နော်(သစ်သီးဝလံ)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)** ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁၀)

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)** ဒီးကူနှင့်စည်းလုံးခြင်း

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၃)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ပျော်ပျော်ပါးပါး မျစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** တို့ရွာအကြောင်း

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ကင်ဆာရောဂါအကြောင်း သိကောင်းစရာ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ ယူနန်တဲ့ဟုန်ဒေသ(အပိုင်း-၇)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ(အပိုင်း-၈)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ စောနေလစိုက်ပျိုးရေးခြံမှထုတ်လုပ်သော စားသောက်ကုန်များ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ LIVE Tour: Seven Sons Farms 'Regenerative Agriculture'
- ၁၉:၃၀ How Americans Produce 97.3 Billion Eggs Every Year- Chicken Farming Documentary
- ၂၂:၀၀ Livestock on the Land-Full-Length

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၇:၄၀ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ အားကစားအခြေခံနည်းစနစ်များ

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော

## "ဒဂုံမြို့သစ်မြေကွက်များဝယ်ယူလိုပါသည်"

ဒဂုံဆိပ်ကမ်း (၆၀/၆၁/၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၁၄၉၊ ၁၅၀၊ ၁၅၁) ဒဂုံအရှေ့ပိုင်း (၃၊ ၆၊ ၁၄၊ ၁၅၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀) ရပ်ကွက်နှင့် တ/ဒဂုံ(၁၈၊ ၁၉၊ ၂၀၊ ၂၄၊ ၂၅၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၂၊ ၁၅၃၊ ၁၅၄) ရပ်ကွက်ရှိ မြေကွက်များအား ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**Ph:09-5134630, 09-798891857, 09-425015277**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၁၅)၊ ဦးပိုင်အမှတ်၂၃-က(ခဲစင်း)၊ အောက်ကမ်းနားလမ်း မျက်နှာပြူ ၃၂x၃၃လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးစိုးနိုင်၊ ဒေါ်မြင့်မြင့်ဦးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၉၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြတ်လေးနွယ် [၉/မတန(နိုင်)၀၇၉၃၇၁]က အမှုတွဲအမှတ်- ၀၄၈၁/ဘ(ခွဲ/ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄.က/၃)၊ ဦးပိုင်အမှတ် ၁၁.ခ(ခဲစင်း)၊ ၂၈လမ်းx လမ်း၆၀ ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်စီ [၉/မနတ(နိုင်)၀၁၄၇၇၁]က အမှုတွဲအမှတ် (၄၂၂၆/၂၀၂၃-၂၀၂၄) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ် (၁၀၆+၁၀၇-ခ)အတွင်းမှ ခဲစင်း၊(၁၀၆)ခဲစင်း ၃၁x၃၂ လမ်းကြား၊ ၈၅x၈၆လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သိန်း (ခ) ဒေါ်သေး၏(SP ရသူ ဒေါ်နှင်းလဲ့ရည်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၉၄၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဖြိုးကိုရွှင်[၉/အမဇ(နိုင်)၀၁၄၂၉၃]က အမှုတွဲအမှတ်(၀၄၇၈/ဘ/ခွဲ/ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ် (၁၀၆+၁၀၇-ခ) အတွင်းမှ ခဲစင်း (၁၀၇-ခ) ခဲစင်း၊ ၃၁x၃၂ လမ်းကြား၊ ၈၅x၈၆ကြား၊ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သိန်း(ခ) ဒေါ်သေး [၉/မရမ(နိုင်)၀၁၀၈၃၄]က အမှုတွဲအမှတ် (၀၄၈၀/ဘ/ခွဲ/၂၀၂၃-၂၀၂၄)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် (၄၁၄-က/၃)၊ ဦးပိုင်အမှတ် ၁၁-ခ(ခဲစင်း)၊ ၂၈လမ်း၊ ၆၀x၆၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်စီ [၉/မနတ(နိုင်)၀၁၄၇၇၁]က အမှုတွဲအမှတ် ၄၂၂၉/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၅)၊ ဦးပိုင်အမှတ် (၁၆-က)၊ ၂၉လမ်း၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူများဖြစ်သော ဒေါ်နန်းအေး [၁/မကန(နိုင်)၀၉၈၄၇၈]၊ ဒေါ်ချောစုဝင်း [၁/မကန(နိုင်)၀၀၁၂၀၁]၊ ဦးဝင်းထွန်း [၁/မကန(နိုင်)၀၀၁၂၀၂]တို့က အမှုတွဲအမှတ် (၄၂၃၅/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အထက(ခွဲ) ကံကောင်းဟောင်းကျောင်းမှ Grad -11 တွင် ပညာသင်ကြားနေသည့် မချစ်စုဝေ နှင့် Grad-7 မှ မယွန်းသီရိကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်သူထိုက် [၁၂/ခရန(နိုင်) ၁၂၁၂၃၁] ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်သာယာ(န)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ခိုင်သဇင်လမ်းနေ ဦးမင်းဇော်ဦး၏ သမီး မအိအိမွန်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်ပါ မွေးသက္ကရာဇ် (၃၁-၅-၁၉၉၉) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၁)၊ ဦးပိုင်အမှတ်(၉၅)၊ ၆၁x၆၀ B လမ်းကြား၊ သခင်ဖိုးလှကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှမြင့် [၉/မရမ(နိုင်)၀၃၀၄၆၂]က အမှုတွဲအမှတ်- ၄၂၂၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဒ-၇)၊ ဦးပိုင်အမှတ် (၄၄)၊ ၆၄x၆၅ လမ်းကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူများ ဖြစ်သော ဒေါ်အေးဖိန် [၁၃/နခန(နိုင်)၀၅၆၂၀၇]၊ ဦးစိုင်းအောင်မြင့်နိုင် [၁၃/နခန(နိုင်)၀၆၄၅၃၇]၊ ဦးစိုင်းဆမ်ကွယ် [၁၃/နခန(နိုင်)၀၆၄၄၃၀တို့က အမှုတွဲအမှတ် ၄၂၃၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂)၊ ဦးပိုင်အမှတ်(၂၅)၊ ၅၉လမ်း၊ အောင်ဆန်းလမ်းနှင့် အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူများဖြစ်သော ဦးမြင့်စိုးဦး [၉/မနမ(နိုင်)၀၆၇၀၁၅]၊ ဦးမြင့်သိန်းထူး [၉/မနမ(နိုင်) ၀၆၆၆၇၅]၊ ဒေါ်လဲ့လဲ့သန်း [၉/မနမ(နိုင်)၀၆၆၆၇၁]၊ ဒေါ်ချိုချိုသန်း [၉/မနမ(နိုင်)၀၆၆၆၇၄]တို့က အမှုတွဲအမှတ် (၄၂၁၆/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၈)၊ ဦးပိုင်အမှတ် (၈)၊ ရန်-မန်းကားလမ်းအရှေ့ဘက်၊ ၁၁၄ လမ်းမြောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ချမ်းသာကုမ္ပဏီကိုယ်စား အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဦးငွေတိုး(အထွေထွေမန်နေဂျာ) [၁၂/ဥကတ(နိုင်)၁၀၆၈၇၅]က အမှုတွဲအမှတ် (၄၂၃၇/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၈)၊ ဦးပိုင်အမှတ်(၉)၊ ရန်-မန်းကားလမ်းအရှေ့ဘက်၊ ၁၁၄လမ်း မြောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ချမ်းသာကုမ္ပဏီကိုယ်စား အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂)ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဦးငွေတိုး (အထွေထွေမန်နေဂျာ) [၁၂/ဥကတ(နိုင်) ၁၀၆၈၇၅]က အမှုတွဲအမှတ်(၄၂၃၈/ ၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၃)၊ ၂၆လမ်းနှင့်၂၉လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဒေါ်အေးအေး၊ ဒေါ်စုစုမာ၊ ဦးတိုးတိုးအမည်ပေါက်တောဂရန်မြေကွက်အား ဒေါ်အေးအေး [၉/မရမ(နိုင်)၀၁၀၇၂၇]၊ ဒေါ်စူးစူးမာ(ခ) ဒေါ်စုစုမာ [၉/မရမ(နိုင်)၀၁၀၇၂၉]၊ ဦးတိုးတိုး [၉/မရမ(နိုင်)၀၁၉၃၀၄]တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၂၅၄၀/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အထက(၆)၊ Grade-9(A)တွင် ပညာသင်ကြားနေသော မသိင်္ဂီကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင်[၁၁/အမန(နိုင်)၀၂၄၂၄] ဖြစ်ပါကြောင်း။ **ဦးဝင်းကြိုင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အထက(၆)၊ Grade-12 (STEAMS-2/B)တွင် ပညာသင်ကြားနေသော မအိသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ [၁၄/ငပတ(နိုင်) ၁၉၃၄၄၇] ဖြစ်ပါကြောင်း။ **ဦးသိန်းရွှေ**

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁) Grade-12(C) (Eco) တန်းမှ မ-မဦး၏ ဖခင်အမည်မှန်မှာ ဦးရိုးဖွ [၁/ဝမန(နိုင်) ၀၆၃၄၂၃] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၅)၊ Grade-7 မှ မောင်ဆွတ်မျိုးလတ်၏ ဖခင်အမည်မှန်မှာ ဦးထုန်မိုင် [၁၃/ကမန(နိုင်)၀၇၂၉၉၇ ]ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ Grade-9(A) မှ မဘောက်ထွယ်ပန်နှင့် Grade-7 မှ မထွယ်နူးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကွန်ရှန်နော် [၁/ကမန(နိုင်) ၀၃၃၅၄၇] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ်(၂၂၆)၊ မြေကွက်တည်နေရာအမှတ်(၂၂၆)၊ ရွှေစင်(၁)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစောဝါထူး(CHK-၀၉၉၇၁၆) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား၊ အမည်ပေါက်ဦးစောဝါထူး(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ နော်ဘဲပို [၁၂/မရက(နိုင်) ၀၂၄၃၄၈]မှ မိမိသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း မိမိမှလွဲ၍ အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း မိမိတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးစောဝါထူး၏ သေဆုံးမှု ပထမ မိတ္တူမှန်လက်မှတ်၊ ဂရန်၊ နိုင်၊ ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဒေါ်နော်ဘဲပိုထံမှ GP No. ၉၈၈၅ /၃၁-၅-၂၀၂၃ ဖြင့် ရရှိသူ ဦးဇော်ဦး [၁၂/ရကန(နိုင်)၀၃၄၆၆၅]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် သတ်တမ်းလွန်ဓာတုဓာတ်ဆေးနှင့် ကုန်ကြမ်းပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | - | (၁၉-၉-၂၀၂၃)ရက်နေ့မှ (၂-၁၀-၂၀၂၃) ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - | စိုက်ပျိုးရေးဦးစီးဌာန ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော် |
| ၄။ | တင်ဒါလျှောက်လွှာပိတ်ရက် | - | (၃-၁၀-၂၀၂၃)ရက်နေ့ (၁၃:၀၀)နာရီ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ၊ ဖုန်း-၀၆၇- ၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ ပစ္စည်းများအား မြန်မာ့လယ်ယာနှင့် စက်မှုသုံးရော်ဘာပစ္စည်းထုတ်လုပ်ရေးဌာန၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်နှင့် (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တယ်လီဖုန်းနံပါတ်-၀၉ ၄၂၁၀၆၂၉၆၂ အား ဆက်သွယ်၍ ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ် (၄)၊ ၂၆လမ်းနှင့် ၂၉လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စုစုမာ [၉/မရမ(နိုင်)၀၁၀၇၂၉]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၅၄၁/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မှော်ဘီမြို့မ(၄)တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၁၁/၉) ပိုင်ဆိုင်သူ ဒေါ်ခိုင်ခိုင်ဟိန်း[၁၂/အစန(နိုင်)၁၇၄၉၉၉]နှင့် ဒေါ်ကေခိုင်ဦး[၁၂/အစန(နိုင်)၁၇၅၀၈၄]ကိုင်ဆောင်သူ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဝယ်ယူထားရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲပိုင်ဦး[၁၂/ကမတ(နိုင်)၀၇၉၃၈၂]ကိုင်ဆောင်သူသည် အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်သူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှန(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၃၅၄)**
**ပုသိမ်မြို့။ ဖုန်း-၀၉-၇၉၄၄၉၇၄၀၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၄)၊ ဦးပိုင်အမှတ် (၉၅)၊ ၇၀x၇၁ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဝင်း၏ (SP ရသူ ဒေါ်နှင်းနံ့သာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၈၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူမြင့် [၈/ရနခ(နိုင်)၀၀၇၀၆၀]က အမှုတွဲအမှတ်-၄၂၃၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊မြေတိုင်းရပ်ကွက်အမှတ်-၁၂/ချင်းတွင်းအနောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၄၅၃၄)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသူရလင်း မှတ်ပုံတင်အမှတ်[၁၂/သဃက(နိုင်) ၁၇၀၅၉၀]၊ အဖအမည် ဦးသန်းငွေ မှမြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာ သက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လို...**

❖ **သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


ယနေ့ ဖတ်စရာ

**ဆက်သွယ်ရေးလိမ်လည်မှုနှင့် ပတ်သက်သမျှ သတင်းများချေဖျက် ပူးပေါင်းဆောင်ရွက်**

ဆောင်းပါး စာမျက်နှာ » ၁၀

**ထိုင်းအစိုးရက တရုတ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်ပေး**

စာမျက်နှာ » ၁၃

**နေပြည်တော်အတွင်း MSME လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အဂ္ဂဝေဟာနတ်ဝှက်သစ်ပင်(သို့မဟုတ်) ကျွန်းနက်မြန်မာမှု ပန်းပုလုပ်ငန်း**

စာမျက်နှာ » ၁၆


## ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး လီဗာပူးအသင်း ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့

ပရီမီယာလိဂ် ပွဲစဉ်(၅)ရဲ့ အစောဆုံးပွဲစဉ်နဲ့ စက်တင်ဘာ ၁၆ ရက်ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုလ်ဗာဟမ်တန်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ယခုဘောလုံးရာသီအတွင်းမှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန် အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○



## အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသားဘောလုံးအသင်း ထွက်ခွာ




ရန်ကုန် စက်တင်ဘာ ၁၆

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသားဘောလုံးအသင်းသည် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ဟန်ကျိုးမြို့သို့ ထွက်ခွာသွားသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✪

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၆

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❐